## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
## (၂၀) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်
## (၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၆ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ကို မွန်းလွဲ ၁၃း၀၀ နာရီအချိန်၌စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၃ း ၀၀ ။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၂၀) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။ ]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦးရှိတဲ့အနက် ၃၉၆ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၁.၈၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးအေးမြင့်(အတွင်းရေးမှူးပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ ၆-၈-၂၀၁၂ ရက်နေ့တွင် အစည်းအဝေး မတက်ရောက်နိုင်သဖြင့် ခွင့်တိုင်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌကိုယ်စား ကျွန်တော် ဦးအေးမြင့်မှ စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်တွင် တက်ရောက်ခွင့်ရှိသောကိုယ်စားလှယ် ၄၃၁ ဦးရှိပြီး ယခင်ခွင့်ပန်ကြားသူ ၃ ဦးရှိပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၃၂ ဦးရှိ၍ စုစုပေါင်း ကိုယ်စားလှယ် ၃၅ ဦး ခွင့်တောင်းခံထားပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၃၂ ဦးမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

(၁) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောနေကော်ကြီး၊

(၂) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးဟော်ရှောက်ချမ်း၊

(၃) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင်၊

(၄) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း၊

(၅) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးဆောင်ဆီ၊

(၆) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်၊

(၇) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း၊

(၈) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင်၊

(၉) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင်၊

(၁၀) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးကျန်တဲဝမ်၊

(၁၁) ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန်၊

(၁၂) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း၊

(၁၃) ရေကြည်မဲန္ဒနယ်မှ ဦးမောင်မောင်တင်၊

(၁၄) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့်၊

(၁၅) မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်၊

(၁၆) ကျွန်းလှမဲဆန္ဒနယ်မှ ဦးကျော်ညွန့်၊

(၁၇) ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း၊

(၁၈) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း၊

(၁၉) ဆရခမှ ဗိုလ်မှူးကြီး သန်းထွဋ်သိန်း၊

(၂၀) ရကသ (၂) မှ ဒုတိယဗိုလ်မှူးကြီးစောရွှေ၊

(၂၁) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး၊

(၂၂) နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး၊

(၂၃) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင်၊

(၂၄) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေး၊

(၂၅) မကွေးမဲဆန္ဒနယ်မှ ဦးမြင့်သိန်း၊

(၂၆) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊

(၂၇) ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို၊

(၂၈) သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင်၊

(၂၉) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၊

(၃၀) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို၊

(၃၁) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင်၊

(၃၂) မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင်တို့သည် ခွင့်အသီးသီးတင်ပြလာပါတယ်။

သို့ဖြစ်ပါ၍ အထက်ပါကိုယ်စားလှယ်များရဲ့ ခွင့်တင်ပြချက်များကို ခွင့်အဖြစ် သတ်မှတ်ပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာတက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၃ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၂ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၃၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်ကအတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**အမှတ် (၃) လမ်းမကြီးအား ၄ လမ်း သို့မဟုတ် ၆ လမ်းသွား လမ်းမကြီးအဖြစ် အမြန်ဆုံးဆောင်ရွက်ပေးနိုင်မှု ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းအား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-နေပြည်တော် အမြန်လမ်းနှင့် တစ်ဆက်တည်းဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အတွင်းမှာ အမှတ်(၃)လမ်းမကြီး တည်ရှိပါတယ်။ အဲဒီ အမှတ်(၃) လမ်းမကြီးဟာ ယာဉ်ကြော နှစ်ခုပဲရှိပါတယ်။ အဲဒီလို ယာဉ်ကြောနှစ်ခုရှိပြီး ဆိုက်စီး Bus များ၊ ကုန်တင် ၁၀ဘီးကားများ၊ မြို့တွင်းယာဉ်လိုင်းများဟာ အဆက်မပြတ်သွားလာနေပါတယ်။ လူဦးရေလည်း ထူထပ်တဲ့အတွက်ကြောင့်မို့လို့ ယာဉ်အန္တရာယ်များ မကြာခဏဖြစ်ပြီးတဲ့အခါမှာ အသက်များဆုံးရှုံးရတာကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် အမှတ်(၃) လမ်းမကြီးအား ၄ လမ်း သို့မဟုတ် ၆ လမ်းသွားလမ်းမကြီးအဖြစ် အမြန်ဆုံးဆောင်ရွက်ပေးနိုင်မှုရှိ၊ မရှိ သိရှိလိုပါတယ်။ ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်ကာလတွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဖြေကြားပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံ

မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်းမှ ပြည်သူ့လွှတ်တော်သို့ မေးမြန်းထားတဲ့ ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးနှင့် တစ်ဆက်တည်းဖြစ်တဲ့ အမှတ်(၃) လမ်းမကြီးဟာ ယာဉ်ကြောအသွားအပြန် ၂ လမ်းသာ ရှိခြင်းကြောင့် ယာဉ်အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် ၄ လမ်းသွား သို့မဟုတ် ၆ လမ်းသွားလမ်းမကြီးအဖြစ် အမြန်ဆုံးဆောင်ရွက်ပေးနိုင်မှုရှိ၊ မရှိနှင့် ရှိခဲ့လျှင် မည်သည့်အချိန်တွင် စတင်ဆောက်လုပ်မည်ကို သိရှိလိုသည့်မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်အတွင်းမှာရှိတဲ့ အမှတ်(၃)လမ်းမကြီးဟာ ၉ မိုင် ၂ ဖာလုံ ရှည်လျားပြီးတော့ မက်စ်မြန်မာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က B.O.T စနစ်နှင့် ဆောက်လုပ်လျက်ပါတယ်။ အဆိုပါ လမ်းများအား ဖြတ်သန်းသွားလာလျက်ရှိတဲ့ တစ်နေ့ပျမ်းမျှ ယာဉ်စီးရေစာရင်း AADT(Annual Average Daily Traffic) ပေါ်မူတည်ပြီးတော့ လမ်းအကျယ်အား သတ်မှတ်ရတာ ဖြစ်ပါတယ်။ ဒီလမ်းကြီးပေါ်မှာ သွားလာနေတဲ့ ယာဉ်စီးရေ သတ်မှတ်ချက်များကို ပြန်လည်ပြီးတော့ ဆန်းစစ်တဲ့အခါမှာ စံနှုန်းလေးတွေ ရှိပါတယ်။ အဲဒီစံနှုန်းလေးတွေကတော့ ယာဉ်စီးရေ ၅၀ အောက်ဆိုရင် ၁၂ ပေထားပါတယ်။ ၅၀ အထက်မှ ၂၀၀ အထိဆိုရင် ၁၆ ပေ ဖြစ်ပါတယ်။ ၂၀၀ ကနေပြီးတော့ ၅၀၀ အထိဆိုရင် ၁၈ ပေ ဖြစ်ပါတယ်။ ၅၀၀ ကနေ ၁၀၀၀ အထိဆိုရင် ၂၂ ပေ ဖြစ်ပါတယ်။ ၁၀၀၀ ကနေ ၂၅၀၀ အထိဆိုရင် ၂၄ ပေဖြစ်ပါတယ်။ ၂၅၀၀ ကနေ ၅၀၀၀ အထိဆိုရင် ၄၈ ပေအကျယ်ထားပါတယ်။ ၅၀၀၀ အထက်ဆိုရင်တော့ ၇၂ ပေအကျယ်ရှိတဲ့ ၆ လမ်းသွားလမ်းမကြီးကို တည်ဆောက်မှာ ဖြစ်ပါတယ်။ ယခု အမှတ် (၃)လမ်းမကြီးပေါ်မှာ ဖြတ်သန်းသွားလာတဲ့ AADT ယာဉ်စီးရေစာရင်းကတော့ ၂၈၀၆ စီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၎င်းအမှတ် (၃) လမ်းမကြီးကို လက်ရှိ ၂၂ ပေ လမ်းအကျယ်ကနေပြီးတော့ ၄၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်သွားရန် ဆောက်လုပ်ရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မက်စ်မြန်မာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ တိုးချဲ့ဆောင်ရွက်သွားရန် အကြောင်းကြားပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မက်စ်မြန်မာ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ အမှတ်(၃)လမ်းမကြီး ၉ မိုင် ၂ ဖာလုံအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း မေးမြန်းထားတဲ့အတိုင်း ၂၂ ပေအကျယ်မှ ၄ လမ်းသွား ၄၈ ပေ အကျယ်အထိ လမ်းတာဘောင်ဆောင်ရွက်ခြင်းအား လာမယ့်ပွင့်လင်းရာသီမှာ ဆောင်ရွက်သွားမှာ ဖြစ်ပြီးတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကတ္တရာလမ်းအဆင့်ပြီးစီးအောင် စီမံချက်ချ၍

ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**B.O.T ယူထားသည့်ကုမ္ပဏီများအကြား စာချုပ်ချုပ်ဆိုထားသည့် စာချုပ်ပါအချက်များကို ပြည်သူလူထုသို့ အသိပေးနိုင်ခြင်းရှိ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာပထမဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့မေးမြန်းလိုတဲ့မေးခွန်းကတော့ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် B.O.T စနစ်ဖြင့် ပြည်သူပိုင်လမ်းများကိုချထား၍ဆောင်ရွက်နေတာကိုသိရှိရပါတယ်။ အာဆီယံစာချုပ်များအရ လမ်းများမပျက်စီး ရန်ကုန်တန်ချိန်သတ်မှတ်ချက်ကို အများပြည်သူများမှသိရှိလိုက်နာနေရပါတယ်။ သို့ရာတွင် B.O.T စနစ်ဖြင့်လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် B.O.T စာချုပ်နှင့်ပတ်သက်၍ လမ်းအကျယ်အဝန်း၊ လမ်းပြုပြင်ထိန်းသိမ်းမှုနှင့် လမ်းစံချိန်စံညွှန်းများကို မည်ကဲ့သို့ပြုပြင်ထိန်းသိမ်းရန်နှင့် မည်ကဲ့သို့ကြီးကြပ်မည်။ လိုက်နာမှုမရှိပါကမည်ကဲ့သို့အရေးယူမည်။ စည်းကမ်းချက်များနှင့်ပတ်သက်ပြီးတော့ B.O.T ယူထားသည့်ကုမ္ပဏီများနှင့် ချုပ်ဆိုထားသည့်စာချုပ်ပါအချက်အလက်များကို အများပြည်သူတို့သိရှိအောင်ကြေညာပေးသင့်ပါတယ်။ သို့မှသာ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ပြည်သူလူထုနှင့် B.O.T ယူထားသည့်ကုမ္ပဏီများအကြား ပွင့်လင်းမြင်သာမှုတစ်စွာဖြင့် မျှမျှတတဆောင်ရွက်နေတာကို ပိုမိုပေါ်လွင်ထင်ရှားစေမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် B.O.T ယူထားသည့်ကုမ္ပဏီများအကြားစာချုပ်ချုပ်ဆိုထားသည့် စာချုပ်ပါအချက်အလက်များကို ပြည်သူလူထုသို့အသိပေးနိုင်၊ မပေးနိုင်သိရှိလိုပါကြောင်းမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးမှ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ မေးမြန်းသော ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် B.O.T ယူထားသည့်ကုမ္ပဏီများအကြား စာချုပ်ချုပ်ဆိုထားသည့် စာချုပ်ပါအချက်အလက်များကို ပြည်သူလူထုသို့ အသိပေးနိုင်ခြင်းရှိ၊ မရှိနှင့် အသိမပေးနိုင်ပါက အဘယ်ကြောင့် အသိမပေးနိုင်သည်ကို သိရှိလိုသည့်မေးခွန်းအား ဖြေကြားရှင်းလင်းသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်ပြည်သူနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း (Public Private Partnership) ပါ B.O.T စနစ်နဲ့ ဖောက်လုပ်ပြုပြင်အဆင့်မြှင့်တင်ရေး၊ လုပ်ငန်းလုပ်ကိုင်ရေးနှင့် လွှဲပြောင်းပေးရေး B.O.T (Build, Operate & Transfer) စနစ်ကို ၁၉၉၆ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနဟာ B.O.T ကြိုတင်ဆောင်ရွက်ခွင့် မူဝါဒ ၂၄ ချက်နှင့်ပြည့်စုံပါက လုပ်ငန်းကြိုတင်ဆောင်ရွက်ခွင့်ပြုပြီး ပဋိညာဉ်စာချုပ်မူကြမ်းအား ပြည်ထောင်စုရှေ့နေချုပ်ရုံးမှစိစစ်ကာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံးမှခွင့်ပြုမိန့်ရရှိတာနဲ့ B.O.T ပဋိညာဉ်စာချုပ်ချုပ်ဆိုပါတယ်။ အဲ့ဒီ ကြိုတင်ဆောင်ရွက်ခွင့်မူဝါဒ ၂၄ ချက်ရှိပါတယ်။ အနှစ်ချုပ်တင်ပြခွင့်ပြုပါခင်ဗျား။

(၁) တိုင်းဒေသကြီး၊ပြည်နယ်ဝန်ကြီးချုပ်များရဲ့တာဝန်ပေးအပ်လိုကြောင်း ထောက်ခံချက်ပါရှိရမည်။

(၂) တိုင်းဒေသကြီး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၏ လုပ်ငန်းဆောင်ရွက်နိုင်မှုရှိကြောင်း ထောက်ခံချက်ပါရှိရမည်။

(၃) သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အင်ဂျင်နီယာမှူးကြီးများ၊ လုပ်ငန်းခွင်အတွင်းရှိ ခရိုင်အင်ဂျင်နီယာမှူးများ၊ မြို့နယ်လက်ထောက်အင်ဂျင်နီယာများနှင့် မြို့နယ်ခွဲအင်ဂျင်နီယာများရဲ့ လုပ်ငန်းဆောင်ရွက်နိုင်သည့်အခြေအနေရှိ၊မရှိနှင့် B.O.T ပေးမည့် လမ်းမိုင်အရှည်မှန်ကန်ကြောင်း ထောက်ခံချက်များပါရှိရမှာ ဖြစ်ပါတယ်။

(၄) လုပ်ငန်းပိုင်းနှင့် ငွေရေးကြေးရေးအထောက်အထားများကိုလည်း ဖော်ပြရမှာဖြစ်ပါတယ်။ ဒါတွေကတော့

(က) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

(ခ) ဒါရိုက်တာများစာရင်း

(ဂ) အစုရှယ်ယာများစာရင်း

(ဃ) ဘဏ်စုဆောင်းငွေနှင့် ရင်းနှီးမြှုပ်နှံနိုင်မည့်ငွေကြေးပမာဏ

(င) မရွှေ့မပြောင်းနိုင်သောပစ္စည်းပိုင်ဆိုင်မှုနှင့်တန်ဖိုး

(စ) ဆောင်ရွက်လျက်ရှိသော အခြားစီးပွားရေးလုပ်ငန်းများတို့ဖြစ်ပါတယ်။

(၅) ကုမ္ပဏီရဲ့သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများပါရှိရမှာဖြစ်ပါတယ်။

(၆) လမ်းတံတားလုပ်ငန်းဆောင်ရွက်မည့် လက်ရှိစက်ယာဥ်ယန္တရားစာရင်းကိုတင်ပြရမှာဖြစ်ပါတယ်။

(၇) ကျောက်ထုတ်စခန်းဆောင်ရွက်မည့်နေရာ၊ ကျောက်ခွဲစက်နှင့် ကျောက်ကျင်းပြုလုပ်မည့်နေရာများကိုမြေပုံနှင့်တကွပြည့်စုံစွာဖော်ပြရမှာဖြစ်ပါတယ်။

(၈) လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လက်ရှိလမ်းတံတားအင်ဂျင်နီယာအင်အား၊ ကျွမ်းကျင်သူဝန်ထမ်းနှင့် လုပ်သားအင်အားစုဆောင်းထားရှိမှုနှင့် ဖွဲ့စည်းထားရှိမှုအခြေအနေများကိုတင်ပြရမှာဖြစ်ပါတယ်။

(၉) B.O.T စနစ်ဖြင့်လမ်းအသုံးပြုခကောက်ခံလိုသည့် လမ်းအမည်နှင့် လမ်းမိုင်များကိုလည်း တင်ပြရမှာဖြစ်ပါတယ်။ ၎င်းလမ်းအပိုင်းအား ဆောင်ရွက်မည့်လုပ်ငန်းစီမံချက်ကိုလည်း ပူးတွဲတင်ပြရမှာဖြစ်ပါတယ်။

(၁၀) လမ်းတံတားအသုံးပြုခကောက်ခံသည့်စခန်းများနေရာ (Toll Gate) မြေပုံနှင့် ဖော်ပြရမယ်။ ၎င်းစခန်းတည်ဆောက်သည်နှင့် တန်ချိန်ကတ္တား (Weighbridge) တပ်ဆင်ရမည်။

(၁၁) လမ်းတံတားအသုံးပြုခ ကောက်ခံသည့်နှုန်းထားများအား ဌာနမှသတ်မှတ်ပေးထားသော နှုန်းထားများအတိုင်းသာကောက်ခံသွားရမှာဖြစ်ပါတယ်။

(၁၂) အုပ်ချုပ်ရေးမှူးရုံးဖွင့်လှစ်မည့်နေရာ၊ လမ်းပြုပြင်ရေးစခန်းချထားမည့်နေရာများကို မြေပုံနှင့်တကွပြည့်စုံစွာဖော်ပြရမှာဖြစ်ပါတယ်။

(၁၃) ဆောက်လုပ်ရေးဝန်ကြီးဌာနမှခွင့်ပြုချက်ရရှိပြီး ၇ ရက်အတွင်း လုပ်ငန်းခွင်သို့စတင်ဝင်ရောက်ရမှာဖြစ်ပါတယ်။ ၂ ပတ်အတွင်း ကုမ္ပဏီဆိုင်းဘုတ်တပ်ဆင်ရမှာဖြစ်ပါတယ်။

(၁၄) ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ခွင့်ပြုချက်ရရှိပြီး ၃ လအတွင်း B.O.T အဆိုပြုလွှာအား ဝန်ကြီးဌာနစိစစ်ရေးအဖွဲ့များသို့ တင်ပြနိုင်ရေးဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

(၁၅) B.O.T ယူပြီး လုပ်ငန်းဆောင်ရွက်မှု အားနည်းမှုရှိပါက လမ်းကိုအဖွဲ့ဖြင့်စစ်ဆေးပြီး သတ်မှတ်ရက်အတွင်း ကောင်းအောင်လုပ်ရန်နှင့် ကောင်းအောင်မလုပ်နိုင်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လမ်းကိုပြန်လည်သိမ်းခြင်း၊ ကုမ္ပဏီအသစ်အား ထပ်မံချပေးခြင်းများဆောင်ရွက်သွားမှာဖြစ်ပါတယ်။

(၁၆) သက်ဆိုင်ရာနယ်မြေရှိ တိုင်းဒေသကြီး၊ပြည်နယ်ဝန်ကြီးချုပ်များမှ ဆက်လက်တာဝန်ပေးရန်မသင့်ကြောင်း အကြောင်းကြားလာပါက ၎င်းလမ်းအားဘုတ်အဖွဲ့ဖြင့် စစ်ဆေးပြီး ပြန်လည်သိမ်းခြင်းတို့ကိုဆောင်ရွက်ကာ ကုမ္ပဏီအသစ်အား ထပ်မံချပေးခြင်းတို့ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

(၁၇) တာဝန်ယူထားသောလမ်းမိုင်သည် ရှည်နေပြီး လမ်းလုပ်ငန်းလုပ်ရာတွင် မနိုင်မနင်း အခက်အခဲဖြစ်ပါက တာဝန်ယူထားသောလမ်းကို ပြန်လည်အပ်နှံရန်နှင့် ၎င်းအပ်နှံသောလမ်းပိုင်းကို အခြားအသစ်လျှောက်လာသော ကုမ္ပဏီအားလုပ်ပိုင်ခွင့်ပေးမှာဖြစ်ပါတယ်။

(၁၈) လအလိုက်လုပ်ငန်းဆောင်ရွက်မည့် စီမံချက်ကိုရေးဆွဲပြီး သက်ဆိုင်ရာမြို့နယ် အင်ဂျင်နီယာများရဲ့ ထောက်ခံချက်ဖြင့် တင်ပြရမှာဖြစ်ပါတယ်။

(၁၉) လအလိုက်လုပ်ငန်းစီမံချက်အပေါ် လုပ်ငန်းပြီးစီးမှုကို သက်ဆိုင်ရာမြို့နယ် အင်ဂျင်နီယာများ၏ စိစစ်အတည်ပြုချက်နှင့်အတူ တင်ပြရမှာဖြစ်ပါတယ်။

(၂၀) လအလိုက်ပစ္စည်းစုဆောင်းမှု၊ သုံးစွဲမှုနှင့်လက်ကျန်များကို ဖော်ပြရမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ကျောက်အရွယ်အစားအလိုက်၊ သဲ၊ ကတ္တရာ၊ ဘိလပ်မြေ၊ သံချောင်း၊ စက်သုံးဆီအမျိုးမျိုးတို့ ဖြစ်ပါတယ်။

(၂၁) လအလိုက်စက်၊ယာဉ်၊ယန္တရားများ၏ ကောင်း၊ပြင်၊ပျက်၊ လေလံစာရင်းများအား ပြုစု တင်ပြရမှာဖြစ်ပါတယ်။

(၂၂) လအလိုက်အသစ် ထပ်မံရောက်ရှိလာတဲ့ စက်၊ယာဉ်၊ယန္တရားနှင့် အကြောင်းအမျိုးမျိုး ကြောင့်လျော့နည်းသွားသော စက်၊ယာဉ်၊ယန္တရားစာရင်းတို့ကို တင်ပြရမှာဖြစ်ပါတယ်။

(၂၃) နိုင်ငံခြားမှ မှာယူတင်သွင်းမည့် ကတ္တရာ သို့မဟုတ် ပြည်တွင်းဝယ် ကတ္တရာများ ဝယ်မည့်အစီအစဉ်ကို ဝယ်ယူမှုအပိုင်း၊ မြန်မာပြည်ရောက်ရှိမှုအပိုင်း၊ လုပ်ငန်းခွင် ရောက်ရှိမှုအပိုင်း၊ သုံးစွဲမှုအပိုင်း၊ လက်ကျန်စသည်တို့ကို လစဉ်ပြုစုပေးပို့ရမှာဖြစ်ပါ တယ်။

(၂၄) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အထူးတာဝန်ပေးအပ်ထားသည့် လုပ်ငန်းစစ်အဖွဲ့ ကြီး ၁၉ ဖွဲ့နှင့် အင်ဂျင်နီယာချုပ်များ၊ B.O.T လမ်းတည်ရှိရာ တိုင်းဒေသကြီး၊ပြည်နယ် အင်ဂျင်နီယာမှူးများ၊ လုပ်ငန်းခွင်အတွင်းရှိ ခရိုင်အင်ဂျင်နီယာမှူးများ၊ လက်ထောက် အင်ဂျင်နီယာများနှင့် မြို့နယ်ခွဲအင်ဂျင်နီယာများမှ လုပ်ငန်းခွင်စစ်ဆေးခြင်း၊ အကြံပြု ခြင်း၊ ပူးပေါင်းကူညီဆောင်ရွက်ခြင်းတို့ကို လက်ခံရမှာဖြစ်ပါတယ်။ အခက်အခဲများ ကိုလည်း ပြန်လည်တင်ပြရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ B.O.T ပဋိညာဉ်စာချုပ်ပါ အချက် အလက်များကတော့ B.O.T သက်တမ်းကာလ နှစ် ၄၀ သတ်မှတ်ပေးထားပါတယ်။ တည်ဆောက် ချိန်ကာလ ၃ နှစ်အတွင်း သတ်မှတ်စံချန်စံညွှန်းအတိုင်း တည်ဆောက်ရာမှာ လမ်းလုပ်ငန်းများကို တစ်နေ့ပျမ်းမျှယာဉ်စီးရေ AADT အရ လမ်းအကျယ်အားဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ B.O.T လုပ်ကိုင်ဆောင်ရွက်တဲ့ကုမ္ပဏီဟာ လမ်းလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သတ်မှတ် ထားတဲ့ စံချိန်စံညွှန်းများအတိုင်း ဆောင်ရွက်ပြီးစီးပါက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ပြည်နယ်အစိုးရ အဖွဲ့နှင့် အင်ဂျင်နီယာမှူးကြီးတို့ရဲ့ စိစစ်ထောက်ခံချက်များဖြင့် B.O.T နှုန်းနဲ့ စတင်ကောက်ခံခွင့် ရှိပါတယ်။ လမ်းများနည်းတူ တံတားများကိုလည်း တန် ၆၀ ခံနိုင်ဝန် သံကူကွန်ကရစ်တံတားများအဖြစ်

တည်ဆောက်ပေးရမှာ ဖြစ်ပါတယ်။ ပေ ၁၈၀ အထက်ရှည်တဲ့ တံတားများအတွက် တံတားအသုံးပြုခကို နိုင်ငံတော်မှတည်ဆောက်ပေးတဲ့တံတားများအား လေလံစနစ်ဖြင့်လည်းကောင်း B.O.T စနစ်ဖြင့် တည်ဆောက်တဲ့ တံတားများအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တွက်ချက်ခွင့်ပြုသည့်နှုန်းဖြင့် လည်းကောင်းကောက်ခံရမှာဖြစ်ပါတယ်။ လမ်းတည်ဆောက်ပြီးပါက လမ်းအသုံးပြုခကောက်ခံရငွေမှ နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်နှုန်းထားများကတော့ ပထမ ၃ နှစ်ကို ကင်းလွတ်ခွင့်ပေးပါတယ်။ ၄ နှစ်မြောက်မှ ၁၃ နှစ်မြောက်အထိ ၁၀ နှစ်ကို ၅ ရာခိုင်နှုန်းဖြစ်ပါတယ်။ ၁၄ နှစ်မြောက်မှ ၂၃ နှစ်မြောက်အထိ ၁၀ နှစ် ၁၀ ရာခိုင်နှုန်းဖြစ်ပါတယ်။ ၂၄ နှစ်မြောက်မှ ၃၃ နှစ်မြောက်အထိ ၁၀ နှစ်ကို ၁၅ ရာခိုင်နှုန်းဖြစ်ပါတယ်။ ၃၄ နှစ်မြောက်မှ ၄၀ နှစ်မြောက်အထိ ၇ နှစ်ကို ၂၀ ရာခိုင်နှုန်း နိုင်ငံတော်သို့ပေးသွင်းရမှာဖြစ်ပါတယ်။ ၄၀ နှစ်ကျော်ကာလအတွက် အချိန်တိုးမြှင့်ကောက်ခံခွင့် တင်ပြချိန်တွင် နိုင်ငံတော်မှသတ်မှတ်ထားတဲ့ရာခိုင်နှုန်းအတိုင်းပေးသွင်းရမှာဖြစ်ပါတယ်။

သက်တမ်းကာလကို နှစ် ၄၀ ပြည့်ပြီးနောက် ဆက်လက်တိုးမြှင့်လိုပါကတစ်ကြိမ်လျှင် ၅ နှစ်စီဖြင့် ၃ ကြိမ်တိုးမြှင့်ပေးမှာဖြစ်ပါတယ်။ သက်တမ်းကာလပြီးဆုံးပါက ခွင့်ပြုထားတဲ့လမ်းတံတား၊ ဂိတ်နှင့် အဆောက်အဦများကိုဖောက်လုပ်ပြီးစီးချိန်ကရှိနေသော ကောင်းမွန်သည့်အနေအထားအတိုင်း ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ အဖိုးစားနားတစ်စုံတစ်ရာမရှိဘဲ လွှဲပြောင်းရမှာဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များအား လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများကို စိတ်ဝင်စားပြီးရင်းနှီးမြှုပ်နှံလာစေရန်နှင့် ရေရှည်စီမံကိန်းစီးပွားရေးစနစ်ကို တတ်ကျွမ်းလာစေရန်တို့ကိုရည်ရွယ်ပြီး တွန်းအားပေးဆောင်ရွက်စေခဲ့ပါတယ်။ သို့သော်လည်း လုပ်ငန်းဆောင်ရွက်ရာမှာ အားနည်းချက်များရှိခဲ့တာကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လုပ်ငန်းပြန်လည်ရုပ်သိမ်းပြီး အရေးယူဆောင်ရွက်ခဲ့ရတာတွေလည်းရှိပါတယ်။ ဥပမာအားဖြင့် နမ့်ခမ်း-ဗန်းမော်အပိုင်း၊ သာယာကုန်း-ဆဝမ်ကထောင်အပိုင်းစတာတွေကို လုပ်ငန်းပြန်လည်ရုပ်သိမ်းခဲ့ရတာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ B.O.T စနစ်ဖြင့် လမ်းတံတားများဆောင်ရွက်ခွင့်ပြုထားတဲ့ ကုမ္ပဏီများကို ကျွန်တော်တင်ပြခဲ့တဲ့အတိုင်း စာချုပ်၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာတင်ပြရှင်းလင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မဟာသင်္ကြန်ရုံးပိတ်ရက်ကို ၄ ရက် သို့မဟုတ် အကြတ် ၂ ရက်ဖြစ်ပါက ၅ ရက်သာ ပြန်လည်သတ်မှတ်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရောင်းရင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ဘေးဘယာဝေးကွာပြီးတော့ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးချင်တဲ့ မေးခွန်းကတော့ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးဟာ ကမ္ဘာ့အလယ်မှာ စီးပွားရေးအားဖြင့်ရော၊ ပညာရေး၊ ယဉ်ကျေးမှုအားဖြင့်ရော အလွန်တစ်ရာ ခေတ်နောက်ကျကျန်ရစ်နေတာ အများလက်ခံထားရတဲ့ အချက်အလက် အမှန်ပါပဲ။ အဲဒီတော့ ကျွန်တော်တို့ လွပ်လပ်ရေး ရယူဖို့ကြိုးစားတုန်းက ကျွန်တော်တို့ရဲ့ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့တဲ့ စကားတစ်ခွန်းလိုပါပဲ သူများတွေ ခြေလှမ်းတစ်လှမ်း လှမ်းရင် ကျွန်တော်တို့က ခြေလှမ်း သုံး၊လေး၊ငါး လှမ်းကဲ့နေအောင်လှမ်းမှ တော်ကာကျမယ်ဆိုတဲ့ အနေအထားကို အမှန်အတိုင်း ကျွန်တော်တို့ သိမြင်ဖို့လိုပါတယ်။ အဲဒီတော့ကာ ပြီးခဲ့တဲ့ အစိုးရလက်ထက်မှာ ကျွန်တော်တို့ သင်္ကြန်ရုံးပိတ်ရက်ကို ၁၀ ရက်လို့ သတ်မှတ်လိုက်တာ ရှိပါတယ်။ ကျွန်တော်တို့က အရမ်းချမ်းသာနေရင်တော့ မပြောလိုပါဘူး။ ကျွန်တော်တို့ရဲ့ ကုန်ထုတ်စွမ်းအားတွေက အရမ်းမြင့်မားနေရင်တော့ မပြောလိုပါဘူး။ သို့သော်လည်းပဲ ကျွန်တော်တို့ရဲ့ ကုန်ထုတ်စွမ်းအားဟာ နိမ့်ပါတယ်။ ကျွန်တော်တို့ အလုပ်သမားတွေ၊ ပညာရှင်တွေ အားလုံးသော အလုပ်လုပ်သော ပြည်သူများရဲ့စွမ်းအားက နိုင်ငံတကာစံနှုန်းနဲ့ နှိုင်းယှဉ်တဲ့အခါမှာ နိမ့်နေတာလည်း အများလက်ခံထားတဲ့ အချက်အလက်တွေ ဖြစ်ပါတယ်။ အဲဒီအချိန် အဲဒီကာလအတွင်းမှာ ကျွန်တော်တို့က သင်္ကြန်ရုံးပိတ်ရက် ၁၀ ရက် ပိတ်လိုက်တယ်ဆိုတဲ့အခါကျတော့ ရုံးတော်တော်များများဟာ လဆန်းကတည်းကနေပြီးတော့ လူမရှိချင်တော့ပါဘူး။ အလုပ်တွေလည်း မလုပ်ချင်ကြတော့ပါဘူး။ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်နှင့်ဆက်ရင် ဒါမှမဟုတ်လို့ရှိရင် တစ်ရက်၊ နှစ်ရက် လောက်ခြားလိုက်တယ်ဆိုရင်တော့ ပိုပြီးတော့ ဆိုးပါတယ်။ ဒါဟာလည်း ဖြစ်နိုင်ချေအလွန်များတဲ့ ကိစ္စဖြစ်လို့ နှစ်စဉ်လိုလိုပဲ အစိုးရရုံးများနဲ့ ဆက်သွယ်လုပ်ကိုင်ရမယ့် ကျွန်တော်တို့ ပုဂ္ဂိုလ်တစ်ဦးချင်း၊ ကုမ္ပဏီအဖွဲ့အစည်းစတာတွေ ဧပြီလဆိုရင် အလုပ်တွေကို ကြိုတင်ရှောင်ရှား၊ ဖယ်ရှားပြီးတော့ ရွှေ့ဆိုင်းထားရပါတယ်။ ကျွန်တော်တို့ ဘာမဟုတ်တဲ့ စာအုပ်ကလေးထုတ်ဝေတဲ့လုပ်ငန်းကအစ မတ်လလောက်ကတည်းက အပြီးသတ်နေရပါတယ်။ မေလဆန်းမှာပဲ အလုပ်စပြီးလုပ်ရတဲ့

သဘောတွေ့ကြုံရပါတယ်။ အဲဒီတော့ ဒီကိစ္စတွေက အရင်အစိုးရလက်ထက်က ဘယ်လိုစေတနာ သဘောတရားနဲ့ ပြုလုပ်တယ်ဆိုတာတော့ ဝေဖန်မနေတော့ပါဘူး။ ဝေဖန်နေစရာ အကြောင်းလည်း အကျိုးလည်းမရှိပါဘူး။ ဒါပေမယ့်လို့ ပြည်သူတွေ၊ ပြည်သူ့ဝန်ထမ်းတွေမှာရော ဒီလို ရုံးပိတ်ရက် ၁၀ ရက် လုပ်ပေးလိုက်တဲ့အတွက်ကြောင့် အကျိုးခံစားခွင့်တွေ အများကြီးရသွားကြသလားဆိုတော့ လူမှုရေးအရရော၊ စီးပွားရေးအရရော သိသိသာသာ အကျိုးခံစားခွင့်လည်း သိပ်မရကြပါဘူး။ ကျွန်တော့်မိတ်ဆွေ ရုံးဌာန၊ ပုဂ္ဂိုလ်တော်တော်များများကလည်း ရုံးသွားစောင့်ရတဲ့ အလုပ်တစ်ခုပဲ ပိုလာတဲ့သဘောရှိပါတယ်။ အဲဒီမှာ ရုံးပိတ်ရက် ၁၀ ရက်ဆိုပေမယ့်လို့လည်း ၅ ရက်တစ်သုတ်စီ ပြန်တက်ကြပါတယ်။ ရုံးပြန်စောင့်ကြရပါတယ်။ အဲဒီတော့ကာ တစ်ဖက်မှာကြတော့ ရုံးနဲ့ဆက်ဆံကြတဲ့ ကျန် ပြည်သူအများစုမှာ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စတာတွေနဲ့ပတ်သက်ပြီးတော့ တော်တော်ပဲ ဒုက္ခဆင်းရဲရောက်ကြရတာ အဲဒါပဲ အဖတ်တင်ပါတယ်။ ဒီလို မလိုအပ် အပေါ်ယံလုပ်နေတဲ့ ကိစ္စတွေကို ရိုးရိုးသားသားပွင့်ပွင့်လင်းလင်း ဝန်ခံပြီးတော့ သင်္ကြန်ရုံးပိတ်ရက်နှင့် ပတ်သက်ပြီးတော့ မေးရလို့ရှိရင် သင်္ကြန်အကျ၊ အကြတ်၊ အတက် ၃ ရက်နှင့် နှစ်ဆန်းတစ်ရက် စုစုပေါင်း ၄ ရက် ဒါမှမဟုတ်လို့ရှိရင် အကြတ် ၂ ရက်ကြတဲ့နှစ်ဆိုလို့ရှိရင် စုစုပေါင်း ၅ ရက် ဟိုးယခင်တုန်းကလိုပဲ ပြန်လည်သတ်မှတ်ရန် ရှိ၊မရှိ။ ဒါကို နောင်တိုင်းပြည်စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် တခြားသောနိုင်ငံများနှင့် ရင်ပေါင်တန်းလာနိုင်တဲ့ အချိန်ကျမှပြန်ပြီးတော့ နားရက်ရှည်ရှည်သတ်မှတ်ဖို့ လို၊ မလို ဒါကိုစဉ်းစားဖို့ ရှိ၊ မရှိဆိုတာလေး သိချင်တဲ့အတွက်ကြောင့် ကျွန်တော် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့ ကျွန်တော်တို့ ကျင်းပပြုလုပ်နေတဲ့ လွှတ်တော်အစည်းအဝေးကို မုံရွာစီးပွားရေးတက္ကသိုလ် MBA သင်တန်းသား သင်တန်းသူ ၆၂ ဦး၊ ကြီးကြပ်သူဆရာ ဆရာမ ၅ ဦး လာရောက်လေ့လာနေသလို ထိုင်းလွှတ်တော်ဥက္ကဋ္ဌဟောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ၄၃ ဦးမှာလည်း လာရောက်လေ့လာနေကြောင်း အသိပေးတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့် မေးခွန်းကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြည်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးမောင်(ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၂)**။ ။ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များနှင့် လေ့လာရေးရောက်ရှိနေကြတဲ့ ပုဂ္ဂိုလ်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန-၂ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ လသာ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်လို့ ရှင်းလင်းတင်ပြခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါကြောင်း ပဏာမပြောကြားလိုပါတယ်။ မဟာ သင်္ကြန်ရုံးပိတ်ရက်နှင့်ပတ်သက်လို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့က ကြေညာခဲ့တဲ့ ကြေညာချက်အမှတ် (၁/၂၀၀၇) ဖြင့် ကျွန်တော်တို့ နှစ်သစ်ကူးရုံးပိတ်ရက်သတ်မှတ်ခြင်းကို သင်္ကြန်ပွဲတော်သည် မြန်မာလူမျိုးတို့ရဲ့ အထွတ်အမြတ်ထားရာ နှစ်သစ်ကူးအခါသမယ ဖြစ်ပါတယ်။ ထိုနှစ်သစ်ကူးအခါသမယတွင် မြန်မာ့ ရိုးရာရေပက်ဖြန်းကစားခြင်း၊ စေတီပုထိုးများအား ရေသပ္ပာယ်ခြင်း၊ ကျောင်းကန်ဘုရားများသို့ သွားရောက်၍ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ သက်ကြီးရွယ်အို အဘိုးအဘွားများအား ကန်တော့ ခြင်း၊ အလှူအတန်းများပြုလုပ်ခြင်း စသည်တို့ ပြုလုပ်နိုင်ရန်နှင့် နိုင်ငံ့ဝန်ထမ်းများတစ်နှစ်တာအတွက် အနားယူအပန်းဖြေနိုင်စေရန်အလို့ငှာ နှစ်စဉ် သင်္ကြန်အကြိုနေ့မတိုင်မီ တစ်ရက်မှစ၍ ၁၀ ရက် တိတိကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်သစ်ကူး ရုံးပိတ်ရက်အဖြစ် သတ်မှတ်လိုက်သည်လို့ ထုတ်ပြန်ကြေညာထားခဲ့ပါတယ်။ လက်ရှိအနေနဲ့လည်းပဲ မြန်မာလူမျိုးတို့ရဲ့ ကောင်းမွန်တဲ့အစဉ် အလာများကို ဆက်လက်ထိန်းသိမ်း ကျင့်သုံးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ မြန်မာ့ရိုးရာယဉ်ကျေးမှုထိန်းသိမ်း စောင့်ရှောက်ရေး ကော်မရှင်တစ်ရပ်ဖွဲ့စည်း၍ အမျိုးသားယဉ်ကျေးမှုမြှင့်တင်ရေး စီမံချက်ချဆောင်ရွက်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ အစည်းအဝေး န၀မနေ့မှာ မြောက်ဥက္ကလာပ မဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း တင်သွင်းထားတဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုထိန်းသိမ်း စောင့်ရှောက် ရေး ကော်မရှင်တစ်ရပ်ဖွဲ့စည်း၍ အမျိုးသားယဉ်ကျေးမှုမြှင့်တင်ရေး စီမံချက်ချဆောင်ရွက်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော် ကိုယ်စားလှယ် ၇ ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကိုအား ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းကို(ဆီဆိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ဧည့်သည်တော်များ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ စွာ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးဆထက်တပိုး ထမ်းဆောင်နိုင်ကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ဆီဆိုင်မဲဆန္ဒနယ် မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကို ဖြစ်ပါတယ်။ ပအိုဝ်းစာပေနှင့် ယဥ်ကျေးမှုဗဟိုဥက္ကဋ္ဌ တစ်ဦးလည်း ဖြစ်ပါတယ်။ ပွင့်လင်းစွာဆွေးနွေးခွင့်ရတဲ့အတွက် များစွာကျေးဇူးတင်ပါတယ်။ အဆိုရှင် ဒေါက်တာသန်းဝင်းကိုလည်း များစွာကျေးဇူးတင်ရှိပါတယ်။

ဦးစွာပထမမြန်မာဆိုတဲ့ ဝေါဟာရဟာ ကျွန်တော်တို့ တိုင်းရင်းသားများ နားလည်ထားတာက ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှာ စုပေါင်းနေထိုင်ကြတဲ့ တိုင်းရင်းသား လူမျိုးပေါင်း ၁၀၀ ကျော်ကို ကိုယ်စားပြုထားတဲ့ စကားလုံးဖြစ်တယ်လို့ သိရှိနားလည် ခံယူထားကြပါတယ်။ ဒါကြောင့် မြန်မာ့ ယဉ်ကျေးမှုကို တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် ယဉ်ကျေးမှုလို့ မှတ်ယူထားမိပါတယ်။ ညီအစ်ကိုတိုင်းရင်းသား ယဉ်ကျေးမှုများဟာလည်း လူမျိုးတစ်မျိုးနှင့်တစ်မျိုးကွာခြားမှု သိပ်မရှိကြ ပါဘူး။ ပြည်ထောင်စုနိုင်ငံတော်ကြီးအတွင်းမှာ နေရာအနှံ့ဒေသအစုံမှာ ရှေးပဝေသနီကတည်းက တိုင်းရင်းသား၊ လူသားများဟာ ရေကြောမြေကြော၊ ရေကြည်ရာမြက်နုရာ အုပ်စုလိုက်၊ အမျိုးလိုက် အသက်မွေးဝမ်းကျောင်းပြုနေထိုင်လာကြပါတယ်။ ရောက်ရာဒေသ ရောက်ရာအရပ်များမှာ သဘာဝ

ပတ်ဝန်းကျင်နှင့် ရာသီဥတုမတူညီမှုကြောင့် စားဝတ်နေမှု၊ ယုံကြည်အားကိုးမှု၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများလည်း ကွဲပြားလာကြောင်း သိရှိမှတ်သားမိပါတယ်။ မြေခြားရေခြား မည်ကဲ့သို့ မတူညီသည်ဖြစ်စေ ပြည်ထောင်စုဖွား ပြည်ထောင်စုသားတော့ အတူတူဖြစ်ပါတယ်။ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများဟာ ယုံကြည်ကိုးစားကိုးကွယ်ရာဘာသာများမှ ဆင်းသက်လာကြတာ ပိုမိုများပြားတာလည်းတွေ့ရှိရပါတယ်။ မည်သည့်တိုင်းရင်းသားများမဆို မိမိသမိုင်း၊ မိမိယဉ်ကျေးမှုများနှင့် ဆင်းသက်လာကြပြီး မိမိလူမျိုးမပပျောက်ရေး၊ မိမိယဉ်ကျေးမှုများကို အမြတ်တနိုးတန်ဖိုးထားကာ မိမိစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များဖွဲ့စည်းပြီး မိမိယဉ်ကျေးမှုများကို ထိန်းသိမ်းနေကြတာလည်း တွေ့ရှိရပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းမှာ တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် အေးအတူပူအမျှ အတူတကွနေထိုင်လာကြပြီး ခေတ်စနစ်များစွာမှာ ဆိုးအတူ၊ ကောင်းအတူ ဖြတ်သန်းလာခဲ့ကြပါတယ်။ နယ်ချဲ့ကိုယ်လိုနီခေတ်စနစ်မှာလည်း တိုင်းရင်းသားများ ဘာသာစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ ယုံကြည်မှုကွဲအောင် သွေးခွဲခံခဲ့ရတဲ့အတွက် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ပိုမိုကွဲပြားလာတာမှတ်သားသိရှိရပါတယ်။ ဘယ်ခေတ်စနစ်ဆိုးမှာဖြစ်ဖြစ် ဘယ်အဖျက်နဲ့ဝင်ဝင် တိုင်းရင်းသားများနဲ့ မိမိမျိုးချစ်စိတ်ဓာတ်ဟာ ဘယ်တော့မှ မလျော့သွားခဲ့ပါဘူး။ ယဉ်ကျေးမှုပျောက်ရင် လူမျိုးပျောက်မည်။ တိုင်းရင်းသားမရှိရင် ပြည်ထောင်စုလည်း မရှိပါ။ မြေမျိုလို့ လူမျိုးမတုံး၊ လူမျိုမှ လူမျိုးတုံးမည်ဆိုသော ဆောင်ပုဒ်နှင့်အညီ လူအမျိုမခံရဖို့ အဆိုရှင်ရဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးသည် မဖြစ်မနေဆောင်ရွက်ရမည့် အဆိုဖြစ်ကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။ အဆိုရှင်ရဲ့အဆိုသည် တိုင်းရင်းသားများအတွက် ပျားရည်တစ်စက်အားဆေးတစ်ခွက်ပါပဲ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဟာ စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ စတင်ခြေလှမ်းနေတဲ့ အချိန်အခါ ဖြစ်ပါတယ်။ ခေတ်စနစ်နဲ့အညီ ဒီမိုကရေစီကျကျ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုး ဥပဒေများကိုလည်း လွှတ်တော်ကြီး ၂ ရပ်မှာ အကောင်အထည်ဖော်ရေးဆွဲနေကြတာလည်း အမြင်အသိဖြစ်ပါတယ်။ ရည်မှန်းထားတဲ့ ပန်းတိုင် အလျင်အမြန်ရောက်နိုင်ဖို့လည်း လွှတ်တော် ၂ ရပ်နဲ့အတူ ပြည်သူ၊ အစိုးရအားလုံး တာဝန်ယူကြရမှာ ဖြစ်ပါတယ်။ အောင်မြင်မှုအရင်းခံသော အကြောင်းတရားမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုမပြိုကွဲရေးပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရဲ့ အရင်းခံဟာလည်း လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူအခွင့်အရေးရှိခြင်း၊ တစ်ပြေးညီလူမှုဘဝဖွံ့ဖြိုးတိုးတက်ခြင်းဆိုတဲ့ လောကပါလတရားပဲဖြစ်ပါတယ်။ အခြေခံဥပဒေပုဒ်မ ၂၂ မှာ တိုင်းရင်းသား

များရဲ့ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်ဟု ဖွင့်ဆိုထားသော်လည်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေတာ မတွေ့ရသေးပါဘူး။ ယခု အဆိုရှင်ရဲ့ မြန်မာ့ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေး အဆိုတွန်းအားပေးမှုကြောင့် အခြေခံဥပဒေ ပုဒ်မ ၂၂ အသက်ဝင်လာ မလားလို့ မျှော်လင့်စောင့်စားနေတာ တိုင်းရင်းသားများ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သားသမီးတိုင်းမှာနွေးထွေးတဲ့ မိဘမေတ္တာ၊ တိုင်းရင်းသားတိုင်းမှာ နွေးထွေးတဲ့ နိုင်ငံတော်ရဲ့အချစ်ကို ရယူလိုနေကြပါတယ်။ ပြည်တွင်းအားသည် ပြည်တွင်းမှာ သာရှိသည်။ ပြည်ထောင်စုစိတ်ဓာတ်သည်လည်း ပြည်ထောင်စုမှာသာရှိပါတယ်။ အရေးကြုံရင် သက်လုံကောင်းဖို့ဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပဲ ဖြစ်ပါတယ်။ ပြောင်းလဲလာမယ့် ဒီမိုကရေစီနိုင်ငံတော်သစ်မှာ နိုင်ငံတကာနဲ့ စီးပွားရေး၊ လူမှုရေး၊ နယ်ဖြတ်ကျူးကျော် အလုပ်အကိုင် ရှာဖွေရေး ကူးလူးရောယှက်လာတော့မှာ အမှန်ပါပဲ။ မိမိနိုင်ငံရဲ့ ယဉ်ကျေးမှုများကို စည်းကမ်းတကျ ကြိုတင်ထိန်းသိမ်းကြဖို့ လိုအပ်သလို အမျိုးချစ်၊ နိုင်ငံချစ်စိတ်ဓာတ်လည်း မွေးကြဖို့ လိုလာပါပြီ။ ဂီတ၊ ရုပ်ရှင်၊ သဘင် သရုပ်ပျက်လည်း သတိပြုကြရမှာဖြစ်ပါတယ်။ မိမိယဉ်ကျေးမှုကို အကြောင်းပြုပြီး သူများဘာသာ၊ ယဉ်ကျေးမှု၊ လူမျိုးမထိခိုက်ဖို့၊ ပဋိပက္ခမဖြစ်ဖို့လည်း ဆင်ခြင်ကြရမှာ ဖြစ်ပါတယ်။ မှောင်မိုက်တဲ့ အတိတ်သမိုင်းရဲ့ အဖြစ်အပျက်၊ ခံစားချက်များကို အတိတ်မှာလိုက်ကာချပြီး သင်ခန်းစာ ကောင်းများယူကာ မိုးသားကင်းစင် ကြည်လင်တောက်ပသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အမျိုး စစ်၊ အမျိုးချစ်သောပြည်ထောင်စုဖွားနိုင်ငံသားပီပီ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာ သန်းဝင်း ရဲ့ မြန်မာ့ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေး ကော်မရှင်တစ်ရပ်ဖွဲ့စည်းရေး၊ အမျိုးသား ယဉ်ကျေးမှုမြှင့်တင်ရေး စီမံချက်ချဆောင်ရွက်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လေးနက်စွာ ထောက်ခံပါကြောင်း တင်ပြနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကလောမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဒေါ်သန်းငွေ(ကလောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်မကတော့ ကလော မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်သန်းငွေ ဖြစ်ပါတယ်။ ပြည်သူ့ လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့က ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပ

မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း တင်သွင်းထားတဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု နှင့်ပတ်သက်တဲ့ အဆိုအပေါ် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ မူလအဆိုရှင်က မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်း စောင့်ရှောက်ရေးနှင့်ပတ်သက်ပြီးတော့မှ မြန်မာ့သုခုမအနုပညာရေစီးကြောင်း အပြောင်းအလဲကို မဏ္ဍိုင်ပြုပြီးတော့ အလေးထားတင်ပြသွားတာ တွေ့ပါတယ်။ တစ်ချိန်တုန်းကလည်း မြန်မာ့အသံက စီစဉ်တင်ဆက်တဲ့ ဆရာမကြီးဒေါ်ရီကျိမ်ရဲ့ ပြောပါရစေဆိုတဲ့ ကဏ္ဍကို ရည်ညွှန်းပြီးတော့လည်း ပြန်လည်ဖော်ထုတ်သင့်ကြောင်း အကြံပြုသွားပါတယ်။ ခေတ်ရေစီးကြောင်းကို ဟန့်တားလို့မရ ပေမယ့် ရေစီးနှင့်အတူ မျောပါလာတဲ့ အမှိုက်သရိုက်တွေကိုလည်း ဖယ်ရှားရှင်းလင်းဖို့ လိုအပ်လာ ပြီလို့ သူကထောက်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင့်။ မြန်မာ့ရိုးရာယဉ်ကျေးမှုဆိုတဲ့ စကားရပ် ဟာ စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်ဆိုတဲ့ သုခုမအနုပညာတွေထက် ပိုပြီးတော့မှ ကျယ်ပြန့်နက်ရှိုင်းပါ တယ်။ နောက်ပြီးတော့ ခုနက ကိုယ်စားလှယ်ကြီး ဦးဝင်းကို ပြောသွားသလိုပဲ မြန်မာ့ရိုးရာဆိုတဲ့အခါမှာ ကျွန်မတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ မြန်မာ၊ ဗမာ တစ်မျိုးတည်းနေထိုင်တာမဟုတ်တဲ့အတွက် ဒီမှာ တူတူတွဲနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးများဖြစ်တဲ့ ကချင်၊ ကရင်၊ ကယား၊ မွန်၊ ချင်း၊ ရခိုင်၊ ရှမ်းဆိုတဲ့ လူမျိုးကြီးများအပြင် အင်း၊ ဓနု၊ တောင်ရိုး၊ ပအို့၊ ပလောင်၊ နာဂ၊ လီရှော၊ ယော၊ ယင်းဘော်၊ ယင်းနက်၊ ယင်းကြားဆိုတဲ့ လူမျိုးနွယ်စုတွေ အားလုံးနှင့်လည်း သက်ဆိုင်တယ်လို့ ယူဆပါတယ်။ လူမျိုးတိုင်း လူမျိုးနွယ်စုတိုင်းမှာ ကိုယ့်ရဲ့သွင်ပြင်လက္ခဏာ၊ ကိုယ့်ရဲ့ယဉ်ကျေးမှုများ ရှိကြပါတယ်။ ကိုယ်ပိုင်ဓလေ့စရိုက်တွေ နှစ်လိုဖွယ်ရာရှိတဲ့ လူမျိုးရေး၊ ဆက်ဆံရေး သွင်ပြင်တွေနဲ့ မေတ္တာ၊ ဂရုဏာစတဲ့ ဗြဟ္မစိုရ်တရားတွေလည်း ရှိကြပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဒီကနေ့ခေတ်မှာ သတင်းနည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ကျဉ်းမြောင်းလာ တဲ့ ကမ္ဘာဆန်မှုဖြစ်စဉ်တွေမှာ ကျွန်မတို့ ရင်ဆိုင်နေရတဲ့အခါမှာ ကောင်းကျိုးတွေရှိသလို ဆိုးကျိုး တွေလည်း တွဲဖက်ပါလာပါတယ်။ မိမိတို့ရဲ့ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ဖို့ဆိုရင် ယုံကြည်မှုနှင့် အတွင်းကိုယ်ခံအားကောင်းဖို့ အထူးလိုအပ်ပါတယ်။ နိုင်ငံတိုင်းလူမျိုးတိုင်းဟာ ဖွံ့ဖြိုးတိုးတက်အောင်မြင်ပြီးတော့ ကိုယ့်ကိုယ်ကို ဂုဏ်ယူနိုင်ပြီဆိုရင် ကိုယ့်ရဲ့ယဉ်ကျေးမှုကို တန်ဖိုး ထားလာကြပါတယ်။ ကာကွယ်စောင့်ရှောက်လာကြပါတယ်။ ဒါကို ဂျပန်နှင့်တောင်ကိုးရီးယားကို ဥပမာအနေနဲ့ မြင်တွေ့နိုင်ပါတယ်။ ဒီလိုမှ မဟုတ်ရင်တော့ အဆိုရှင်တင်သွင်းသွားသလို ယဉ်ကျေးမှု

ပျောက်ရင် လူမျိုးပျောက်မယ်ဆိုတဲ့ စကား အတိုင်းဖြစ်ဖို့ရှိပါတယ်။ ယခု National Geographic ရဲ့ သုတေသန ပြုချက်အရဆိုလို့ရှိရင် မိရိုးဖလာစကားပပျောက်လို့ရှိရင် လူမျိုးနှင့်ယဉ်ကျေးမှုပါ ပပျောက်နိုင်တယ်ဆိုပြီးတော့ အခုလောလောဆယ် ကမ္ဘာမှာ ဘာသာစကားပေါင်း ၆၉၀၀ ကျော်ရှိတဲ့ အနက်က လာမယ့်အနှစ် ၁၀၀ မှာ တစ်ဝက်က ပပျောက်ဖို့ရှိပါတယ်လို့ သူတို့က ယူဆထားပါတယ်။ ဒါဟာ ယဉ်ကျေးမှုဆိုတဲ့ ဂီတ၊ အကပဒေသာများနှင့်မပြီးဘဲ ပြောတတ်၊ ဆိုတတ်၊ ရေးတတ်၊ ဖတ်တတ် တွေးတတ်ဝေဖန်သုံးသပ်တတ်တဲ့ ပညာအရာနှင့်ပြည့်စုံဖို့လိုပါတယ်။ အဲဒီအခါမှာ ကိုယ့်ရဲ့ ယဉ်ကျေးမှု ဓလေ့ကို ကိုယ့်ကိုယ်ကို ဂုဏ်ယူလာပါမယ်။ ကိုယ့်ရဲ့ ယဉ်ကျေးမှုကို ထိန်းသိမ်းဖို့ဆိုတာလည်း ယုံကြည်မှုရှိလာပါမယ်။ ကလေးလူငယ်တွေအတွက် ယဉ်ကျေးဖို့၊ အသိပညာရှိစေဖို့အတွက် ကတော့ ကျောင်းတွင်းပညာရေးမှာ ၁၉၅၃ ခုနှစ်လောက်အထိ ကျင့်သုံးခဲ့တဲ့ ပြည်သူ့နီတိဆိုတဲ့ သင်ခန်းစာ များကို ထိထိရောက်ရောက် သင်ကြားပေးဖို့ လိုအပ်တယ်လို့ ယူဆပါတယ်။ နောက် ဘိုးဘွားမိဘ တွေရဲ့ သမိုင်းနှင့်သွင်ပြင်လက္ခဏာ ဂုဏ်အင်တို့ကို မျိုးဆက်သစ်လူငယ်တွေက ကြည့်ပြီးတော့မှ ကျွမ်းဝင်တန်ဖိုးထားတတ်လာအောင် လမ်းဖွင့်ပေးဖို့လိုမယ်လို့ ယူဆပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင့်။ ခုနက လွှတ်တော် ကိုယ်စားလှယ်ပြောသလိုပဲ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပုဒ်မ ၂၂ နှင့် ပုဒ်မ ၂၇ တွေက တိုင်းရင်းသား တွေရဲ့စာပေ၊ ယဉ်ကျေးမှုနှင့်ဓလေ့စရိုက်တွေကို စောင့်ရှောက်မယ်ဆိုတာပါတဲ့အပြင် ပုဒ်မ ၃၃ မှာ လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် အတွေးအခေါ်မှန် ဗလငါးတန် ဖွံ့ဖြိုး ဆောင်ရွက်မယ်လို့လည်း ဖော်ပြထားပါတယ်။ အဲဒီအခြေခံဥပဒေအတိုင်းသာ လက်တွေ့အကောင် အထည်ဖော်ပြီးတော့မှ ကျင့်သုံးမယ်ဆိုရင် လူတိုင်းဟာ မိမိတို့ရဲ့ ယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ဖို့ မိမိတို့မှာသာ တာဝန်ရှိတယ်ဆိုတဲ့ အသိပေါ်လာမှာ ဖြစ်ပါတယ်။ အဲဒီအခြေခံဥပဒေရှိပြီးသား ဖြစ်တာ ကတစ်ကြောင်း၊ ကိုယ့်အသိနဲ့ ကိုယ့်ဘာသာထိန်းသိမ်းရမယ်ဆိုတဲ့ ပညာတတ်ဖို့ ဆိုတဲ့အသိကရှိတာ တစ်ကြောင်းမို့လို့ မြန်မာ့ရိုးရာယဉ်ကျေးမှုကိုစောင့်ရှောက်တဲ့အခါမှာ စီမံကိန်းတွေချပြီးတော့မှ ကော်မရှင် တွေဖွဲ့မယ်ဆိုတဲ့ အဆိုရှင်ရဲ့အဆိုကို ကျွန်မက မလိုအပ်ဘူးလို့ ထင်ပါကြောင်းပြောရင်းနဲ့ နိဂုံးချုပ်ပါတယ်ရှင့်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းထိန်(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်း

ဆက်ပါတယ်။ ကျွန်တော်ကတော့ မိတ္ထီလာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထိန် ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမယ့် အဆိုကတော့ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း တင်ပြထားတဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေး ကော်မရှင်တစ်ရပ်ဖွဲ့စည်း၍ အမျိုးသားယဉ်ကျေးမှုမြှင့်တင်ရေး စီမံချက်ချဆောင်ရွက်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်း ကြောင်း အဆိုကို ဖြည့်စွက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်တို့ နိုင်ငံဟာ အားလုံးသိတဲ့အတိုင်းပဲ ပြည်ထောင်စုနိုင်ငံ ဖြစ်ပါတယ်။ ပြည်ထောင်စုနိုင်ငံဖြစ်တဲ့အတိုင်းပဲ ပြည်ထောင်စုသားတွေ နေထိုင်ကြပြီးတော့ ဖွဲ့စည်းထားတဲ့နိုင်ငံ ဖြစ်ပါတယ်။ အဲတော့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ ယဉ်ကျေးမှုကို တိုးတက်အောင်၊ မြင့်တက်အောင် ထိန်းသိမ်းဖို့ဆိုလို့ရှိရင် မြန်မာ့ရိုးရာ ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးဆိုတဲ့ ဝေါဟာရက မပြည့်စုံဘူးလို့ ယူဆပါတယ်။ မြန်မာ့ရိုးရာ ယဉ်ကျေးမှုဆိုတာမှာ မြန်မာအပြင် ခုနတုန်းက ဒေါက်တာဒေါ်သန်းငွေ တင်ပြသွားသလို တိုင်းရင်းသား မျိုးစုံရဲ့ ယဉ်ကျေးမှုလည်းအကျုံးဝင်ဖို့လိုပါလိမ့်မယ်။ ဒါမှသာ မြန်မာပြည်မှာရှိတဲ့ မြန်မာလူမျိုးတွေ အပြင် တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုတွေပါ ထိန်းသိမ်းဖို့၊ စောင့်ရှောက်ဖို့၊ မြှင့်တင်ဖို့ ဖြစ်ရပါမယ်။ ဒီမှာ သတိထားမိတာက နှစ်တိုင်း၊ နှစ်တိုင်းလိုလို မြန်မာနိုင်ငံမှာ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲတွေ ပြုလုပ်ခဲ့တာ သတိထားမိပါတယ်။ အဲဒီပြိုင်ပွဲတွေကြောင့်မို့လို့ အများသိတဲ့ အနုပညာရှင်လေးတွေ ပေါ်ထွက်လာပါတယ်။ သို့သော်လည်းပဲ တခြားတိုင်းရင်းသားတွေဖြစ်တဲ့ ကရင် ရိုးရာ၊ ရှမ်း၊ မွန်၊ ရခိုင်၊ ကချင်စတဲ့ ဂီတပြိုင်ပွဲတွေ မပါသေးတာလည်း သတိထားမိပါတယ်။ ဒါကြောင့်မို့လို့ မြန်မာ့ ရိုးရာယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးအတွက်က ဗမာလူမျိုးတွေအပြင် တိုင်းရင်းသားတွေ အားလုံးနဲ့လည်းပတ်သက်သင့်တယ်လို့ ထင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုကို တင်ပြရမယ်ဆိုလို့ရှိ ရင်တော့ ဒီအဆိုရဲ့ အဓိပ္ပါယ်ဟာ အကန့်အသတ်ရှိနေပါတယ်။ တကယ်လို့ ဆောင်ရွက်ဖြစ်မယ် ဆိုလို့ရှိရင်လည်း တိုင်းရင်းသားတွေအားလုံးပါဝင်တဲ့ ကိစ္စတစ်ခုဖြစ်သင့်တယ်။ သို့သော် ယဉ်ကျေးမှု ဆိုတဲ့ ဥစ္စာက နိုင်ငံမှာရော၊ ကမ္ဘာအရပ်ရပ်မှာပါ နယ်ခြားစည်းထားလို့မရပါဘူး။ စာပေ၊ ဂီတ၊ အနုပညာစသည်ဖြင့် အနုပညာတွေဟာ တစ်နိုင်ငံကနေတစ်နိုင်ငံ ကူးစက်ပြီးတော့မှ ပြန့်ပွားလာတဲ့ အလေ့အထရှိတဲ့အတွက်ကြောင့်မို့လို့ ဒီနိုင်ငံတကာကပါလာတဲ့ ရောက်လာတဲ့ ယဉ်ကျေးမှု အလေ့အထတွေကို ကိုယ့်တိုင်းပြည်ရဲ့ယဉ်ကျေးမှု အစဉ်အလာတွေကို ခိုင်မာအောင် လုပ်ပြီးတော့မှ ကိုယ်ခံအားကောင်းအောင်လုပ်ဖို့ အရေးကြီးပါတယ်။ ကိုယ်ခံအားကောင်းအောင် လုပ်ဖို့ဆိုတာ

တောင်မှ ကော်မရှင်တစ်ရပ်ဖွဲ့စည်းဖို့ သင့်၊ မသင့်ဆိုတာလည်း စဉ်းစားသင့်ပါတယ်။ ဘာကြောင့်လဲဆိုလို့ရှိရင် ယဉ်ကျေးမှုတစ်ခုကို အမိန့်ပေးဖို့က အင်မတန်ခက်ပါတယ်။ အရှေ့ အလယ်ပိုင်းဒေသ အင်မတန်တင်းကြပ်တဲ့ နိုင်ငံတွေမှာတောင်မှ အခုနောက်ဆုံးပေါ်တဲ့ Hip Hop တို့၊ Rappingတို့ လှုပ်ရှားမှုတွေ ဖြစ်လာတဲ့အခါမှာ အာဏာနဲ့နှိပ်ကွပ်တာတွေ ကြုံတွေ့ရပါတယ်။ သို့သော်လည်းပဲ မအောင်မြင်ပါဘူး။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံယဉ်ကျေးမှု၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးကို ကော်မရှင်တစ်ရပ်ဖွဲ့ပြီးတော့ မြှင့်တင်ဖို့ဆိုတဲ့ကိစ္စက နောက်ပိုင်းမှာ အခက်အခဲအများကြီး ဖြစ်နိုင်စရာရှိပါတယ်လို့ ကျွန်တော်တင်ပြရင်းနိဂုံးချုပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်ရွှေ(ဝေါမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ရွှေဖြစ်ပါတယ်။ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်းအဆိုတင်သွင်းသွားတဲ့ မြန်မာ့ရိုးရာ ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးကော်မရှင်တစ်ရပ်ဖွဲ့စည်း၍ အမျိုးသားယဉ်ကျေးမှုမြှင့်တင်ရေးစီမံချက်ချ ဆောင်ရွက်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ကမ္ဘာ့နိုင်ငံများအနက် နိုင်ငံပေါင်း ၂၀၀ ကျော်အနက်က နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးမှာဆိုရင်လည်း မိမိတို့နိုင်ငံအလိုက်၊ နိုင်ငံတွေဟာဆိုလို့ရှိရင်လည်း ကျွန်တော်တို့ နိုင်ငံတွေနည်းတူ တိုင်းရင်းသားတွေ စုစည်းပြီးတော့ ဖွဲ့စည်းထားတဲ့ နိုင်ငံတွေရှိသလို လူဦးရေနည်းပါးပြီးတော့ ကျဉ်းမြောင်းတဲ့ နိုင်ငံလေးတွေရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းမှာတော့ မိမိတို့ရဲ့ ယဉ်ကျေးမှုအဆင့်အတန်းဆိုတာ နိုင်ငံတစ်ခုရဲ့ယဉ်ကျေးမှုအဆင့်အတန်းဆိုတာ နိုင်ငံရဲ့ စီးပွားရေး၊ နိုင်ငံရေးအဆင့်တွေလိုပဲ နိုင်ငံရဲ့ဂုဏ်သိက္ခာရှိလေ သူ့ရဲ့ယဉ်ကျေးမှုအဆင့်အတန်းဟာလည်း မြင့်မားလေဆိုတဲ့ သဘောကတော့ ရှိပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံဟာဆိုရင် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးခန့် ဖွဲ့စည်းထားတဲ့နိုင်ငံတော်ဖြစ်ပြီးတော့ အားလုံးသော ကချင်၊ ကရင်၊ ကယား၊ ရှမ်း၊ ဗမာ၊ ဝ၊ ပလောင်အစရှိသဖြင့် တိုင်းရင်းသားတွေအားလုံးစုစည်းထားတဲ့ နိုင်ငံတော်ကြီးကို ကျွန်တော်တို့ သဘောပေါက်တာကတော့ မြန်မာနိုင်ငံတော်လို့ ဆိုပြီးတော့ သဘောပေါက်ထားပါတယ်။ ဒါကြောင့်

မို့လို့ မြန်မာဆိုတာ တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုတဲ့ အမည်တစ်ခုသာဖြစ်ပါတယ်။ နိုင်ငံနဲ့ ပတ်သက်ပြီးတော့ တိုင်းရင်းသားတွေအားလုံးဟာဆိုရင် ဒီမှာ မိသားစုစိတ်ဓာတ်နှင့် နေကြတဲ့အခါ ကျတော့ လူဦးရေ အနည်းအများတော့ရှိပါတယ်။ နိုင်ငံတိုင်းမှာလည်း ဒီကိစ္စကတော့ ရှိပါတယ်။ အားလုံးကို အခွင့်အရေး တန်းတူ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုတဲ့အတိုင်းပဲ နိုင်ငံတော် အနေနဲ့ကလည်းပဲ နိုင်ငံသားတွေရဲ့ ကိုယ်ပိုင်အခွင့်အရေးအပါအဝင် ကျန်တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၂ အရလည်း ယဉ်ကျေးမှုအပါအဝင် စာပေ၊ အနုပညာတွေလည်း နိုင်ငံတော်က ဆောင်ရွက် ပေးရမယ်ဆိုတဲ့ဟာလည်း အတိအလင်းလည်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ အဲဒီတော့ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ ယဉ်ကျေးမှုဆိုတဲ့ဟာကလည်း ကျွန်တော်တို့ သာမန်ပြောမယ်ဆိုလို့ရှိရင် ပြောဆိုပြုမူဆက်ဆံမှုကစပြီးတော့ သာရေး၊ နာရေး၊ ဘာသာရေးအထိ အကျုံးဝင်ပါတယ်။ စာပေ၊ အနုပညာ၊ ဗိသုကာနှင့် ရိုးရာပွဲတော်များဟာလည်း ယဉ်ကျေးမှုကို ဖော်ပြနေတဲ့ ပြရုပ်များပဲဖြစ်ပါ တယ်။ ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရမယ်ဆိုရင် ကျွန်တော့်အနေနဲ့ မြင်တာကတော့ အစိတ် အပိုင်း နှစ်ခု မြင်ပါတယ်။ တစ်ခုကတော့ ရုပ်ပိုင်းဆိုင်ရာ အခြေအနေများဖြစ်ပြီးတော့ နောက်တစ်ခုက တော့ ခံစားမှုဆိုင်ရာပဲဖြစ်ပါတယ်။ ရုပ်ပိုင်းဆိုင်ရာကတော့ သာသနိကအဆောက်အဦတွေ၊ ကျောင်း ကန်ဘုရားတွေ အစရှိတဲ့ လက်ဆုပ်လက်ကိုင်ပြနိုင်တဲ့ အဆောက်အဦပိုင်းတွေနဲ့ နောက်တစ်ခါ စာပေ၊ ပန်းချီ အစရှိတဲ့ ဒီဟာတွေဟာဆိုလို့ရှိရင် ကျွန်တော်တို့ လက်ဆုပ်လက်ကိုင်ပြနိုင်တဲ့အရာတွေပါ။ နောက်တစ်ခုပိုင်းကတော့ စိတ်ခံစားမှုနဲ့ဆိုင်တဲ့ ကျွန်တော်တို့ အနုပညာတွေ ဆို၊ က၊ ရေး၊ တီး ကဲ့သို့ သော အနုပညာများ နဲ့ဆိုင်ပါတယ်။ အဲဒီတော့ ဒီနေရာတွေမှာဆိုလို့ရှိရင် အဆောက်အဦ၊ ပရိဘောဂ တွေ၊ အဆောက်အဦပိုင်းမှာလည်း သာသနိက အဆောက်အဦတွေနဲ့ ရှေးဟောင်းယဉ်ကျေးမှု အမွေ အနှစ်ကိုဖော်ပြနိုင်တဲ့ ရုံးကနားတွေ ဒါတွေလည်းရှိပါတယ်။ အဲဒီတော့ ထိန်းသိမ်းစောင့်ရှောက်မယ် ဆိုတာ ဒီဟာရဲ့ ရှေးဟောင်းအဆောက်အဦတွေ၊ ဒီသာသနိကအဆောက်အအုံတွေအပါအဝင်ပေ့ါ။ ဒီ အဆောက်အဦတွေရဲ့ပုံစံတွေဟာ ကြာလေဟောင်းလေကောင်းလေဆိုတဲ့သဘော။ ကြာလေ ပိုပြီးတော့ တန်ဖိုးရှိလေဆိုတဲ့သဘောတွေဖြစ်ပါတယ်။ အဲဒီတော့ နိုင်ငံအသီးသီးဟာလည်းပဲ သူတို့ရဲ့ယဉ်ကျေး မှုသက်တမ်းဘယ်လောက်ရှိပြီလဲဆိုတာကို ဖော်ပြတဲ့အခါကျရင် ဒီအဆောက်အဦတွေနဲ့ ဒီဟာတွေရဲ့ အခြေအနေကိုပြပြီးတော့ သူတို့က ဂုဏ်ယူကြတာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံဆိုရင်လည်း အလားတူပဲ ကျွန်တော်တို့ သာသနိကအဆောက်အအုံဖြစ်တဲ့ ပုဂံဘုရားလို အဆောက်အဦများဟာ ဆိုလို့ရှိရင် ကျွန်တော်တို့ရဲ့အမွေအနှစ်တွေကို ဖော်ပြနေပါတယ်။ အလားတူပဲ ရွှေတိဂုံစေတီဆိုလို့ရှိရင်

လည်းပဲ ကျွန်တော်တို့သမိုင်းကြောင်းနှင့်အတူ နှစ်ပေါင်း ၂၀၀၀ ကျော် သမိုင်းအမွေအနှစ်ကို ပြနေတဲ့ ဟာတွေဖြစ်ပါတယ်။ အလားတူပဲ ဒီဟာတွေကို ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်းပဲ ဒီဗုဒ္ဓဘာသာဟာ ပြည်သူအများစုကိုးကွယ်တဲ့ ဘာသာဖြစ်တဲ့ အတွက် ဝိသေသနဲ့ပြည့်စုံတဲ့ဘာသာဆိုတာကို ပြဋ္ဌာန်းထားပြီးသားဖြစ်တဲ့အတွက် ဒါတွေဟာဆိုလို့ ရှိရင် ဘာသာရေးနှင့် နိုင်ငံရေး ရောထွေးတယ်လို့ မမြင်ဘဲနဲ့ ယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းတွေ အနေနဲ့ ကျွန်တော်တို့က လက်ခံရမှာဖြစ်ပါတယ်။ ဒါတွေကိုလည်း ဆက်လက်ထိန်းသိမ်းရမှာ ဖြစ်ပါတယ်။ အလားတူပဲ ကျွန်တော်တို့ နောက်ပိုင်း ကိုလိုနီခေတ်ပိုင်းတည်ဆောက်ခဲ့တဲ့ ရန်ကုန်မြို့က အဆောက် အဦတွေဟာဆိုလို့ရှိရင်လည်းပဲ ကျွန်တော်တို့ ဂျာနယ်တွေထဲမှာ၊ သတင်းစာတွေထဲမှာ တွေ့နေရတဲ့ အတိုင်းပဲ ပုဂ္ဂလိကကို လွှဲပြောင်းပေးမယ်။ လွှဲပြောင်းပေးတဲ့အခါကျတော့ ဒီနေရာမှာ ဖြစ်တော့ မဖြစ်သေးပါဘူး။ ဟိုတယ်ကြီးဆောက်လိုက်မယ်။ ပြခန်းကြီးတွေဆောက်မယ်ဆိုတဲ့ သဘောတွေ တွေ့နေရတဲ့အခါကျတော့ ကျွန်တော်တို့ စိတ်ထဲမှာ ဒါတွေက စိုးရိမ်မှုတွေဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ရှေးဟောင်းအဆောက်အဦများဟာ အစိုးရကနေပြီးတော့ တာဝန်ယူပြီးတော့ ထိန်းသိမ်းတာနဲ့ ပုဂ္ဂလိကကုမ္ပဏီတွေ စီးပွားရေးသမားလက်ထဲ ရောက်သွားတဲ့အခါကျရင် သူတို့ဟာ စီးပွားရေးလုပ်ငန်းရှင်တွေဖြစ်တဲ့အတွက် စီးပွားရေးတွက်ကိန်းသာလျှင် တွက်ကြမှာဖြစ်ပါတယ်။ အဲဒီတော့ အဲဒါ မျိုးတွေဖြစ်သွားမယ်ဆိုရင် ကျွန်တော်တို့ ရှေးဟောင်းအမွေအနှစ်၊ အဆောက်အအုံ တွေဟာဆိုလို့ရှိရင် လက်ညှိုးထိုးပြတဲ့အခါမှာ ဂုဏ်ယူစရာကောင်းတဲ့ အဆောက်အအုံတွေဟာဆိုလို့ ရှိရင် ယိုယွင်းသွားမှာကို စိုးရိမ်ပါတယ်။ အလားတူပဲ ကျွန်တော်တို့ ဒီအနုပညာနှင့်ပတ်သက်ပြီးတော့ ဘုရားနံရံတွေမှာ ကျွန်တော်တို့ ပုဂံဘုရားတွေမှာရေးထားခဲ့တဲ့ ဆေးရေးနံရံပန်းချီတွေ၊ နောက်တစ်ခု ကျောက်စာတွေ အစရှိသဖြင့် ဒီလိုဟာမျိုးတွေဟာဆိုလို့ရှိရင်လည်းပဲ အရှည်သဖြင့် ထိန်းသိမ်းရမယ့် ဟာတွေဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ စီးပွားရေးအပိုင်းအနေနဲ့ ကြည့်လိုက်ရင်တော့ တွက်ခြေ မကိုက်ပေမယ့် ယဉ်ကျေးမှုပိုင်းနှင့် ကြည့်လိုက်ရင်တော့ ဒါတွေဟာ မြန်မာနိုင်ငံအတွက် အဖိုးတန် ရတနာတွေပါ။ အဲဒါကြောင့်မို့ ဒါလေးတွေဟာ စောင့်ရှောက်ဖို့ သင့်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ စိတ်ပိုင်းဆိုင်ရာနှင့်ဆိုင်တဲ့လူတွေရဲ့ ပြောဆိုပြုမူနေထိုင်မှုကနေစပြီးတော့ ဆို၊ က၊ ရေး၊ တီး အစရှိတဲ့ အနုပညာတွေ အထိဟာ ကျွန်တော်တို့ဟာ ယဉ်ကျေးမှုတွေဖြစ်ပါတယ်။ ဒီယဉ်ကျေးမှု တွေဟာ အစဉ်အလာအားဖြင့်ဆိုရင် ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးအသီးသီးမှာဆိုရင် ဒီဟာတွေ ဟာ အကုန်ရှိပါတယ်။ ရှိတဲ့အခါကျတော့ ဒီပြုမူပြောဆိုနေထိုင်တာတွေဟာ ယဉ်တယ်။ ရိုင်းတယ်

ဆိုတာဟာ ဘယ်ကစလဲဆိုရင် ကျွန်တော်တို့လူတွေရဲ့ အပြုအမူ၊ အပြောအဆို၊ အနေအထိုင် ကစပြီးတော့ ယဉ်ကျေးမှုဆိုတာရှိပါတယ်။ အဲဒီတော့ ဒီယဉ်ကျေးမှုဖြစ်လာဖို့အတွက်ဟာ အခြေခံက တော့ အိမ်မှာဆိုရင်တော့ မိဘကစပြီးတော့ စပါတယ်။ လူလိမ္မာသား ယဉ်ပါး၊ လူမိုက်သား ရမ်းကား ဆိုတဲ့ စကားမျိုးတွေ နောက်ကျောင်းတွေ ရောက်သွားတဲ့အခါကျတော့လည်း ဆရာကောင်းတပည့် ပန်းကောင်းပန်ဆိုတဲ့ စကားတွေက အလကားတော့ မဟုတ်ပါဘူး။ လိမ္မာယဉ်ကျေးတဲ့ လူ့လောက အလယ်မှာ အံ့ဝင်ဂွင်ကျအောင် နေတတ်တဲ့ကလေးတွေ အဖွဲ့အစည်းထဲမှာ အဖွဲ့အစည်းအကျိုး၊ အများအကျိုးကို သယ်ပိုးနိုင်တဲ့ကလေးတွေ ဒီလိုလေးတွေ ဖြစ်ဖို့အတွက်ကို အိမ်တွေ၊ ကျောင်းတွေ တစ်နည်းအားဖြင့် မိဘတွေ၊ ဆရာတွေကနေပြီးတော့ တာဝန်ယူရသလိုပဲ နိုင်ငံတော်ပိုင်းအနေနဲ့ ကလည်းပဲ နိုင်ငံတော်မှာ တာဝန်ရှိတဲ့အကြီးအကဲ တာဝန်ယူရတဲ့ အစိတ်အပိုင်းတွေဟာလည်း နိုင်ငံတော်နဲ့ပတ်သက်ပြီးတော့၊ နိုင်ငံနဲ့ဆိုင်တဲ့ ယဉ်ကျေးမှုအပိုင်းမှာ တာဝန်ရှိပါလိမ့်မယ်။ အဲတော့ ခုနကပြောတဲ့ ရုပ်ပိုင်းဆိုင်ရာ အပြည့်အစုံပစ္စည်းတွေကို ထိန်းသိမ်းမှုတွေကို ဆောင်ရွက်ပေးရမှာ ဖြစ်သလို စိတ်ပိုင်းဆိုင်ရာနဲ့ ရသပိုင်းဖြစ်တဲ့ ခုနတုန်းက အနုပညာအပါအဝင်ကိစ္စများကို ဆောင်ရွက် တဲ့အခါကျရင်လည်းပဲ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ သက်ဆိုင်ရာအဖွဲ့အစည်း အနုပညာ အဖွဲ့အစည်းတွေ အနုပညာဆိုတာ ဂီတအစည်းအရုံးတို့လို၊ ရုပ်ရှင်အစည်းအရုံး၊ ဗွီဒီယိုအစည်းအရုံး၊ သဘင်အစည်းအရုံး စသည်ဖြင့် ဒါတွေဟာဆိုလို့ရှိရင် အရင်တုန်းက ပါဝင်တဲ့ပုဂ္ဂိုလ်တွေဟာ ဆိုလို့ရှိရင် သူတို့ရဲ့အနုပညာစွမ်းအားတွေဟာဆိုရင် ပြည်သူတွေကို လွှမ်းမိုးပါတယ်။ ရှေးရိုးကို ဖက်တွယ်ပြီးတော့ ရှေးဟောင်းသမားကြီးအနေနဲ့ ဒါတွေကိုပဲ သျှောင်ထုံးကြီးထုံးပြီးတော့ မင်းသားကြီး က သလိုပဲ ဒါကို ကျွန်တော်ဆိုလိုတာ မဟုတ်ပါဘူး။ ခေတ်ကာလရေစီးကြောင်းဆိုတာကတော့ ပြောင်းလဲနေမှာ ဖြစ်ပါတယ်။ ဒါပေမယ့် အရိုးကို အရွက်မဖုံးဖို့ကတော့ ဒါလေးတွေက လိုအပ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ မူလအရင် ဒီဟာဖြစ်တဲ့ ကျွန်တော်တို့ မြန်မာ့ရိုးရာယဉ်ကျေးမှုတွေကို ဖော်ထုတ်တဲ့အခါကျတော့ အခု နိုင်ငံတော်ကနေပြီးတော့ ဆို၊ က၊ ရေး၊ တီးတွေ ဆောင်ရွက် ပေးနေပါတယ်။ ဆောင်ရွက်တဲ့အခါကျတော့ အဲဒီဟာတွေက လူတွေကတော့ ခုနလိုပေ့ါနော် တကယ့် သမ္မဇဉ်နဲ့ ဆောင်ရွက်နေတဲ့အခါကျတော့ လူစိတ်ဝင်စားမှုနည်းသော်လည်းပဲ ရိုးရာယဉ်ကျေးမှုတွေကို ဖော်ထုတ်ပေးနေတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အဲဒီမှာ စကားသင့်တဲ့အတွက် ကျွန်တော် ဥပမာလေး တစ်ခုပေးလိုပါတယ်။ ဘာလည်းဆိုတော့ ဒီ ဆို၊ က၊ ရေး၊ တီး လိုနေရာမျိုးမှာ အကဲဖြတ်တဲ့အခါကျတော့ တကယ့် သမ္မဇဉ် မြန်မာ့အနုပညာကိုပိုင်နိုင်တဲ့ အဆို၊ အက၊ အရေး၊ အတီး

ပုဂ္ဂိုလ်တွေက အကဲဖြတ်သော်လည်းပဲ ကျွန်တော်တို့ အခုခေတ်ကတော့ တီဗွီတွေထဲမှာ အစီအစဉ်ထဲမှာ ပါဝင်တဲ့အခါကျတော့ ဆို၊ က၊ ရေး၊ တီးလိုပဲ ကလေးငယ်လေးတွေနဲ့ ဖြစ်တဲ့ဟာလေးတွေပေါ့နော် ပြိုင်ပွဲလေးတွေလုပ်ကြတယ်။ လုပ်ကြတဲ့အခါကျတော့ အဲဒီမှာ ကျွန်တော်မြင်တဲ့အမြင်လေးတစ်ခုကတော့ ကျဥ်းမြောင်းတယ်လို့ ပြောရင်လည်းပဲ၊ ကျဥ်းမြောင်တယ် ဖြစ်မှာပေါ့။ အဲဒီမှာ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်အကြီးအကဲတွေအနေနဲ့က ဒီနေရာမှာ ခုနက အစည်းအရုံးအဖွဲ့လိုဟာမျိုးနဲ့ ဖြစ်လိုက်မယ်ဆိုလို့ရှိရင် ဒီရိုးရာယဥ်ကျေးမှုလေးတွေ ဖော်ထုတ်တဲ့အခါကျတော့ ဖြစ်နိုင်ပါတယ်။ ကြီးကြပ်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ အသေးစိတ်ဖြစ်ပေမယ့် ဒီလိုကိစ္စမျိုးတွေဟာ ကော်မရှင်တစ်ရပ်ဖွဲ့စည်းပြီးတော့ အမျိုးသားယဥ်ကျေးမှုမြင့်မားရေးကို နိုင်ငံတော်က ဦးဆောင်ပြီးတော့ဆောင်ရွက်မယ်ဆိုရင် ပိုမိုပြီးတော့ အောင်မြင်နိုင်တဲ့အတွက် ဒေါက်တာသန်းဝင်းရဲ့အဆိုကို လေးလေးနက်နက် ထောက်ခံကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါမယ်။

**အချိန်၊၁၄း၁၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ကိုယ်စားလှယ်များအားလုံး အစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။]

**အချိန်၊ ၁၄း၄၅ ။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး အခမ်းအနားအစီအစဉ်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးအောင်ဆန်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဆန်း(ပန်းဘဲတန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသောဧည့်သည်တော်များမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က

တော့ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဇူလိုင် ၁၆ ရ က်နေ့က မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာ သန်းဝင်းတင်သွင်းခဲ့တဲ့ အဆိုနှင့်ပတ်သက်ပြီးဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က ယခုအခါပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ခေတ်ရေစီးကြောင်းဆိုသည်ကို အကြောင်း ပြု၍ ခေတ်လူငယ်အများအပြားဟာ တိုင်းတစ်ပါးယဉ်ကျေးမှုဖြစ်သော သရုပ်ပျက်တေးဂီတနှင့် သရုပ်ပျက်အကများကိုအထင်ကြီးပြီး မြတ်နိုးခုံမင်လိုက်စားမှုများကျယ်ပြန့်နေသည်ကို ဝမ်းနည်းဖွယ် ရာ တွေ့မြင်နေရပါသည်လို့ဆိုထားပါတယ်။ ယနေ့သိပ္ပံပညာရဲ့ အံ့မခန်းတိုးတက်မှု စွမ်းပကားကြောင့် အိုင်တီနည်းပညာများမှတစ်ဆင့် တိုင်းတစ်ပါးယဉ်ကျေးမှုများဟာ လျင်မြန်စွာပြန့်နှံ့ဝင်ရောက်လျက် ရှိနေပါတယ်။ မြန်မာနိုင်ငံရဲ့အနုပညာသမိုင်းကြောင်းကိုပြန်ကြည့်လျှင် ဖြေဖျော်မှုလုပ်ငန်းများအသစ် အသစ်ဖြစ်ပေါ်လာတဲ့အခါမှာ မူလရှိရင်းစွဲအနုပညာရပ်များကို လူတိုင်းစိတ်ဝင်စားမှုနည်းလာတဲ့ အစဉ်အလာများရှိတတ်တာကိုလည်း တွေ့ရှိရပါတယ်။ ဇာတ်သဘင်များပေါ်ပေါက်လာမှုဟာ ရုပ်သေး သဘင်ကိုအားနည်းစေခဲ့ပါတယ်။ ရုပ်ရှင်ပေါ်ပေါက်လာမှုသည် ဇာတ်သဘင်များကို အရှိုက်အထိုးခံ ရဘိသကဲ့သို့ရှိခဲ့ပါတယ်။ ဗွီဒီယို၊ ရုပ်မြင်သံကြား၊ ကာရာအိုကေစသည်တို့ ပေါ်ပေါက်လာတဲ့အခါမှာ ရုပ်ရှင်သည်လည်းပဲ မိမိရဲ့ထင်ရှားမှုကို ယင်းအနုပညာရပ်များသို့ ခွဲဝေပေးခဲ့ရတာမျိုးရှိခဲ့ပါတယ်။ မြန်မာတို့ရဲ့တန်ဖိုးရှိလှတဲ့ ယဉ်ကျေးမှုများမှေးမှိန်လာခဲ့တာအမှန်ပဲဖြစ်ပါတယ်။ ထို့အတူ မြန်မာတို့ရဲ့ ရိုးရာယဉ်ကျေးမှုဂီတများသည်လည်း မူလက သီချင်းကြီးကဏ္ဍ နောက်ခေတ်ဟောင်းတေး၊ ကာလပေါ် ကဏ္ဍ၊ နောက်ပြီး စတူဒီယိုကဏ္ဍ၊ အခုနောက်ဆုံး ဟစ်ဟော့တို့၊ ရက်ပ်တို့၊ မော်ဒန်ရော့ခ်တို့ဆိုတဲ့ ခေတ်ကိုရောက်ရှိလာတဲ့အခါမှာ အဲ့ဒီခေတ်ရေစီးကြောင်းဖြစ်တဲ့အခါမှာ ဒီလိုခေတ်ရေစီးကြောင်း ပြောင်းလာတိုင်း နှစ်သက်သူ၊ မနှစ်သက်သူစသည်ဖြင့် အကြိုက်အမျိုးမျိုး ကွဲပြားခြားနားတာကို လည်း တွေ့ရှိရပါတယ်။ ဒီလိုပြောင်းလဲလာမှုများကို ပိတ်ဆို့တားဆီးရန်မှာ အလွန်ခက်ခဲတဲ့ကိစ္စ ဖြစ်ပါတယ်။ လူငယ်အားလုံးကို ခေတ်ရေစီးကြောင်းထဲ ပါမသွားအောင်သာ အစောတုန်းက ဆွေးနွေး ခဲ့ကြသလိုပဲ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ ကိုယ်ခံအားကောင်းစေရန်သာ နည်းမျိုးစုံဖြင့် နိုင်ငံတော်အစိုးရက အဆင့်အတန်းမြင့်မားလှတဲ့မြန်မာ့ယဉ်ကျေးမှု အနုပညာများကို ပိုမိုထိန်း သိမ်းရေးအတွက် အလေးအနက်ထားပြီး ဆောင်ရွက်ရန်သာလိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က မြန်မာ့ယဉ်ကျေးမှုဂီတများဖြစ်တဲ့ ဂန္ထဝင်တေးများကို MRTV တို့ MRTV-4 တို့ မြဝတီစတဲ့ နိုင်ငံတော်အပိုင်းကနေပြီးတော့ ချီးမြှင့် မြှောက်စားမှုအားနည်းပါးနေသည်ကို

တွေ့ရပါတယ်လို့ဆိုထားပါတယ်။ ယနေ့ တီဗွီဖန်သားပြင်ပေါ်မှာ မြန်မာ့ရိုးရာယဉ်ကျေးမှုများ ပညာပေးထုတ်လွှင့်မှုဟာ အလွန်နည်းပါးလှကြောင်း တွေ့ရပါတယ်။ တစ်နေ့တာရဲ့ထုတ်လွှင့်မှုများကို လေ့လာကြည့်တဲ့အခါမှာ စီးပွားရေးကဏ္ဍများကိုသာ ဦးစားပေးပြီးတော့ ထုတ်လွှင့်နေတာကိုလည်း တွေ့နေရပါတယ်။ မနက်ပိုင်းကစပြီးတော့ အစီအစဉ်ပြီးတဲ့အချိန်အထိ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ပြသတာဟာအလွန်နည်းနေတာကို တွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်အဆက်ဆက်မှာ မြန်မာ့ဂီတအနုပညာရပ်တို့ကို အုပ်ချုပ်သူအစိုးရက ချီးမြှောက်လျှင် ချီးမြှောက်သလို တိုးတက်ဖွံ့ဖြိုးမှုရှိလာတာကိုလည်း တွေ့ရှိရပါတယ်။ ဒါကြောင့် မြန်မာ့ဂန္ထဝင်တေးအများ အပြားပါဝင်တဲ့ ခေတ်မရွေးသောတေးများကဏ္ဍ၊ ရင်မှာစွဲလန်းတော်ဝင်ပန်းကဏ္ဍ၊ ခံစားနားဆင် မြန်မာတေးသံစဉ်ကဏ္ဍ၊ ကြေးမုံရိပ်သွင်တေးနုယဉ်ကဏ္ဍ၊ သီချင်းကြီးကဏ္ဍ၊ ခေတ်ဟောင်းတေးကဏ္ဍ စတဲ့ အစီအစဉ်များကို ပြန်လည်ထုတ်လွှင့်တင်ဆက်မှုများ သက်ဆိုင်ရာမှပြုလုပ်ပေးရန် လိုအပ်ပါကြောင်းလည်း အလေးအနက် တင်ပြအပ်ပါတယ်။

ယနေ့ပုဂ္ဂလိက ဇာတ်သဘင်များဖြစ်ကြတဲ့ ရွှေမန်းတင်မောင်ရဲ့သားများ၊ မြေးများ၊ နောက်တစ်ခါ ဇာတ်ဆရာကြီးစိန်မာဒင်ရဲ့သားများ၊ မြေးများ၊ ဦးဖိုးစိန်ရဲ့သားများ၊ မြေးများစတဲ့ နည်းပါးလှတဲ့ ဇာတ်သဘင်များဟာ လူထုအတွင်းမှာ အခြားဖျော်ဖြေမှုများနဲ့ အနောက်တိုင်းယဉ်ကျေးမှုများကို ကြံ့ကြံ့ခံပြီးတော့ အကြပ်အတည်း ပေါင်းများစွာဖြင့် မြန်မာ့သဘင်ဆိုတာမပျောက်ပျက်စေရန်၊ ပြန်လည်ရှင်သန်စေရန် ရုန်းကန်လှုပ်ရှားနေတာကိုလည်း တွေ့ရပါတယ်။ ဒါကို နိုင်ငံတော်အပိုင်းမှ အမျိုးသားရေးစရိုက် လက္ခဏာများပြန်လည်ထွန်းကားဖို့ဆိုရင် ကူညီပံ့ပိုးမှုများ အမြန်ဆုံးပြုလုပ်ပေးသင့်ကြောင်းလည်း တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယဉ်ကျေးမှုဝန်ကြီးဌာနဟာ အနုပညာနှင့် ယဉ်ကျေးမှု တက္ကသိုလ်များကိုဖွင့်လှစ်ပြီးတော့ ဇာတ်သဘင်ပညာ၊ ရုပ်သေးပညာ၊ ဂီတပညာ၊ ဆိုင်းပညာ၊ အငြိမ့်ပညာ၊ ပန်းချီပန်းပုစတဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုများမတိမ်ကော၊ မပပျောက်စေရန်ကြိုးပမ်းဆောင်ရွက် လျက်ရှိနေသည်ကိုလည်း တွေ့ရှိရပါတယ်။ ထိုကဲ့သို့ တက္ကသိုလ်အဆင့် ဖွင့်လှစ်ပြီးသင်ကြားစေရုံနဲ့ မလုံလောက်သေးပါဘူးခင်ဗျား။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အလယ်တန်း၊ အထက်တန်းကျောင်းများအထိ နွေရာသီကျောင်းပိတ်ရက်တွင်မဟုတ်ဘဲ ဂီတ၊ ရသဆိုတဲ့ အချိန်များဆိုတာ ရှိပါတယ်။ ဒီအချိန်မှာ သင်ကြားဖို့အတွက် သင်ရိုးညွှန်းတမ်းများ ထည့်သွင်းရေးဆွဲပြီးတော့ လိုအပ်နေကြောင်းလည်း တင်ပြအပ်ပါတယ်။ ယဉ်ကျေးမှုကဇာတ်၊ ကဇာတ်ဌာနခွဲအနေဖြင့်လည်း စီးပွားရေးတွက်ခြေကိုက်မှုကိုမကြည့်ဘဲ၊ ပွဲလာငှားသူကိုမစောင့်ဘဲ၊ ကပြဖျော်ဖြေပေးတဲ့မှုများ

ချမှတ်မထားဘဲ အဆင့်အတန်းမြင့်မားတဲ့ မြန်မာ့ယဉ်ကျေးမှုကဇာတ်များကို ယခင်ကကဲ့သို့ နယ်လှည့်ကပြဖျော်ဖြေပေးရန် ကိုလည်းတိုက်တွန်းအပ်ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံရဲ့ယဉ်ကျေးမှုမြို့တော်ကြီးဖြစ်တဲ့ ပုဂံ-ညောင်ဦးမြို့မှ ဘုရားပွဲတော်များ၊ အဲ့ဒီပွဲတော်များမှာ နိုင်ငံခြားဧည့်သည်များအများအပြား ဝင်ရောက်လျက်ရှိပါတယ်။ အဲ့ဒီလိုဘုရားပွဲတော်များ ပွင့်လင်းရာသီများဖြစ်ကြတဲ့ တပို့တွဲ၊ တပေါင်း၊ တန်ခူးစတဲ့ လတွေမှာကျင်းပတဲ့ ဘုရားပွဲတော်များ ဥပမာ ပဲခူးရွှေမော်ဓော ဘုရားပွဲလို တန်ခူးလမှာကျင်းပတဲ့ပွဲ ကန်ထရိုက်ကိုစောင့်မနေဘဲနဲ့ နိုင်ငံတော်စရိတ်ဖြင့် ကပြဖျော်ဖြေသင့်ကြောင်းလည်း ထပ်လောင်းပြီးတော့ တိုက်တွန်းအပ်ပါတယ်။ နိုင်ငံတော်အနေနဲ့ အရှုံးအမြတ်ကိုပဓာနမထားဘဲ မြန်မာ့ယဉ်ကျေးမှု အစစ်ဖြစ်တဲ့ကဇာတ်များကို လူအများစိတ်ဝင်စားလာစေရန်သာအဓိကဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် မကြာမီက ဇွန်လအတွင်းက ဖျော်ဖြေခဲ့တဲ့ ဂရိတ်ဦးဖိုးစိန်ရဲ့ နှစ် ၁၃၀ ပြည့်အထိမ်းအမှတ်အဖြစ် မြန်မာ့ဇာတ်သဘင်ဖျော်ဖြေမှုမျိုးကို ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံမှာကပြပြီး တီဗွီဖန်သားပြင်ပေါ်မှာ ထုတ်လွှင့်ပြသတဲ့အခါမှာ အနုပညာမြတ်နိုးကြတဲ့ပရိတ်သတ်အားလုံး သဘောကျပြီးတော့ ဒါမျိုး မကြာခဏ ထုတ်လွှင့်ပေးစေလိုကြောင်းလည်း သိရှိရပါတယ်။ နောင်မကြာခင်မှာလည်းပဲ အလင်္ကာကျော်စွာရွှေမန်းတင်မောင်ရဲ့ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ပြည်သူသို့ တင်ဆက်ပြသမည်ဖြစ်ကြောင်းလည်း သိရှိရပါ၍ သက်ဆိုင်ရာမှ ပံ့ပိုးကူညီပေးရန်လည်း လေးစားစွာ တိုက်တွန်းအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က တိုင်းတစ်ပါးယဉ်ကျေးမှုများ ထိုးဖောက်လွှမ်းမိုးမှုများ၏ နောက်ဆက်တွဲအကျိုးဆက်များသည် နိုင်ငံတစ်ဝန်းတွင် တစ်နေ့တစ်ခြားမကောင်းဘက်သို့ ဦးတည်နေပြီး အထူးသဖြင့် မြန်မာအမျိုးသမီးငယ်များ၏ ဝတ်စားဆင်ယင်မှုများသည် ဟီရိုသြတပွဲဆိုတဲ့ အရှက်အကြောက်တရားကင်းကွာလာနေရာ မြန်မာ့ရိုးရာသင်္ကြန်ကို တစ်နှစ်ထက်တစ်နှစ်ပို၍ အရုပ်ဆိုး၊ အကျည်းတန်ဖြစ်လာရခြင်းများသည် အထင်ရှားဆုံးသာဓကဖြစ်တယ်လို့ ဆိုထားပါတယ်။ ဟုတ်ပါတယ်။ ပြီးခဲ့တဲ့နှစ် သင်္ကြန်က အမျိုးသမီးငယ်အချို့၏ ဝတ်စားဆင်ယင်မှုသည် မြန်မာတို့၏ ရိုးရာနှစ်သစ်ကူးသင်္ကြန်ကို အကျည်းတန်စေခဲ့ပါတယ်။ အဲ့ဒါနှင့်ပတ်သက်ပြီးတော့ လွန်ခဲ့တဲ့ ၁၀ ရက်လောက်ကနေပြီးတော့ ကာတွန်းတစ်ပုဒ်ကနေပြီးတော့ ကျွန်တော်တို့ ပညာပေးလိုက်ပါတယ်။ ကာတွန်းကနေပြီးတော့ ဘာရေးတာလဲဆိုတော့ အဖိုးကြီးအိုခါးကုန်းကုန်းမသေပါနဲ့ဦး။ နောက်နှစ်ခါအပေါ် ဆုံးစောင့်ကြည့်ပါဦး။ ဆိုလိုတာက နောက်နှစ်သင်္ကြန်မှာ ဒီထက်ဆိုးလာနိုင်တယ်ဆိုတဲ့အကြောင်းကို မီးမောင်းထိုးပြတာပဲ ဖြစ်ပါတယ်။ အဲ့လိုပဲ လွန်ခဲ့တဲ့နှစ် ၂၀ ကျော်လောက်က ဗိုလ်ချုပ်ပန်းခြံအတွင်းက

ခေတ်ပေါ်ဂီတဖျော်ဖြေပွဲတစ်ခုမှာ အကယ်ဒမီမင်းသမီးတစ်ယောက်ရဲ့ ဝတ်စားဆင်ယင်မှုသရုပ်ပျက်လွန်းသဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းကနေပြီးတော့ အပြစ်ပေးခဲ့တဲ့နောက်ပိုင်းမှာ ယခုတစ်ခါထပ်မံပြီးတော့ ဖြစ်ပေါ်လာခြင်းဟာ ပထမဦးဆုံးအကြိမ်ဖြစ်မယ်လို့ ထင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အများပြည်သူအနေနဲ့ကတော့ မီးလောင်တာမြင်ရင် အမြန်ဆုံးငြိမ်းသတ်နိုင်အောင် သံချောင်းခေါက်ရမှာပဲ ဖြစ်ပါတယ်။ သက်ဆိုင်ရာကိုလည်း အမြန်ဆုံးအကြောင်းကြားရမှာဖြစ်ပါတယ်။ ဘာမှမဆောင်ရွက်ဘဲ မသိသလို ငြိမ်နေရင် တခြားနေရာများကို ကူးစက်လောင်ကျွမ်းသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ယခုလည်း သံချောင်းခေါက်အသိပေးလိုက်ပါတယ်။ သက်ဆိုင်ရာအဖွဲ့အစည်းဖြစ်တဲ့ အစည်းအရုံးများနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ပြည်နယ်အစိုးရများက လာမယ့်သင်္ကြန်တွေမှာ လိုအပ်သလို စည်းကမ်းချက်များ ထုတ်ပြန်ပြီးတော့ တားဆီးသင့်ပါကြောင်းလည်းလေးစားစွာတင်ပြအပ်ပါတယ်။ ဒါ့အပြင် ခေတ်ပေါ်တေးဂီတများ ဖျော်ဖြေရာတွင်လည်း အရာရာကိုပုံတူကူးချတာမျိုး မပြုလုပ်ဘဲ အရိုးပေါ်အရွက်မဖုံးစေရန် သတိပြုဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။ တေးဂီတကိုပုံတူကူးချတာထက် ဝတ်စားဆင်ယင်မှုကတော့ ပုံတူကူးမချသင့်ကြောင်းလည်းတင်ပြလိုပါတယ်။ အထူးသဖြင့် ယနေ့စင်မြင့်ဖျော်ဖြေမှုများနှင့် သင်္ကြန်လိုအခါမျိုးမှာ ဝတ်စားဆင်ယင်မှုမှာ လုံလုံခြုံခြုံရှိရန်လိုအပ်ပါတယ်။ မိမိရဲ့ အခွင့်အရေး Right ရှိသော်လည်း မိမိတို့သည်မြန်မာနိုင်ငံမှာနေသော မြန်မာနိုင်ငံသားများဆိုတာကို မေ့မထားသင့်ပါ။ ဖျော်ဖြေရေးစင်မြင့်ပေါ်မှာနှင့်ယနေ့တီဗွီကြော်ငြာအချို့မှာ အပြင်းစားလှုပ်ရှားမှုများ ပြုလုပ်ကြော်ငြာခြင်းများကိုလည်း တွေ့နေရပါတယ်။ သက်ဆိုင်ရာမှ ကြပ်မတ်ပေးရန်လိုအပ်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က တစ်ချိန်က မြန်မာ့အသံရေဒီယိုမှ တစ်ပတ်တစ်ကြိမ်မြန်မာအမျိုးသမီးများယဉ်ကျေးသိမ်မွေ့အောင် နိုင်ငံကျော်စာရေးဆရာမကြီး ဒေါ်ရီကိုချိန်၏ပြောပါရစေရှင်ကဏ္ဍမှာ ဟောပြောခဲ့သည်များကို ယခုကာလမှာအမှတ်တရရှိလှပါတယ်လို့ ဆိုပါတယ်။ မှန်ပါတယ်။ တစ်ချိန်က စာရေးဆရာမကြီး ဒေါ်ရီကိုချိန်တို့၊ ဆရာမကြီး ဒေါ်စောမုံညှင်းတို့ရဲ့ ဟောပြောချက်များကဲ့သို့ ပညာပေးဆိုဆုံးမမှုဟောပြောချက်များ အမှန်တကယ် ယနေ့လိုအပ်နေပါပြီ။ ယခု တီဗွီခေတ်မှာတော့ မြန်မာ့ယဉ်ကျေးမှုရိုးရာဓလေ့ဆွေးနွေးပွဲများ၊ တိုင်းရင်းသားရိုးရာဓလေ့များ၊ မြန်မာ့ဇာတ်သဘင်ဆွေးနွေးပွဲများ၊ ဂီတဆွေးနွေးပွဲများ၊ အငြိမ့်သဘင်ဆွေးနွေးပွဲများအကြောင်း ဆွေးနွေးပွဲများ၏သရုပ်ဖော်မှုများနှင့်အတူ ပြည်သူများစိတ်ဝင်စားအောင် ဖျော်ဖြေတင်ဆက်မှုများကို အလျင်အမြန်အကောင်အထည်ဖော်ရန် လိုအပ်နေပါကြောင်းလည်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် မြန်မာ အမျိုးသမီး

များစောင့်ထိန်းရမည့် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာများအကြောင်း အသိပညာပေး ဟောပြောပွဲများကို အထကကျောင်းများတွင် သက်ဆိုင်ရာခရိုင်အမျိုးသမီးရေးရာအဖွဲ့များက ဟောပြောနေကြောင်းလည်း ယနေ့သတင်းစာများမှာ တွေ့ရှိနေရပါတယ်။ ဒါကိုဝမ်းသာစွာ ကြိုဆိုရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အဆိုပါဟောပြောပွဲမျိုးများကိုလည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မကြာခဏပြုလုပ်ပေးပါရန် လိုအပ်ပါကြောင်းကိုလည်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မျိုးချစ်စိတ်ဓာတ်အခြေခံကောင်းတွေရင့်ကျက်ပြီးဖြစ်တဲ့ မိမိတို့ရဲ့ပြည်သူနှင့်မိဘတွေကလည်း မိမိတို့ရဲ့သားသမီးတွေအပါအဝင် ကျောင်းသားကျောင်းသူလူငယ်လူရွယ်များ၊ အမျိုးသားရေးအသိအမြင်၊ အမျိုးသားရေးအတွေးအခေါ်၊ အမျိုးသားရေးစိတ်ဓာတ်တွေနိုးကြားရှင်သန်ခိုင်မာလာအောင် စိတ်ဓာတ်အမွေခံကောင်းများကိုလည်း လက်ဆင့်ကမ်းပေးသွားကြဖို့လိုအပ်ကြောင်းတင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ပါ၍ ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်ဟူသောအဆိုရှင်၏ မြန်မာ့ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရန်အတွက် စီမံချက်ချမှတ်ဆောင်ရွက်သင့်ပါကြောင်းထောက်ခံရင်းဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကြိုင်(ညောင်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၁၆-၇-၂၀၁၂ ရက်နေ့က ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမမြောက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်က ဒေါက်တာသန်းဝင်းတင်ပြတဲ့ မြန်မာ့ မြန်မာ့ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာ ရိုးရာယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေး ကော်မရှင်တစ်ရပ်ဖွဲ့စည်း၍ အမျိုးသားယဉ်ကျေးမှုမြှင့်တင်ရေး စီမံချက်ချဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆိုနှင့် ပတ်သက်၍ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုမှာ အလွန်ကျယ်ပြန့်ပါတယ်။ အချိန်ကိုငယ်ညှာသောအားဖြင့် မြန်မာ့ယဉ်ကျေးမှု ဝတ်စားဆင်ယင်မှုနှင့်ပတ်သက်တဲ့ အချက်ကိုပဲ ဆွေးနွေးသွားလိုပါတယ်။ ဟိုရှေးယခင်ပုဂံခေတ်တုန်းကဆိုရင် အမျိုးသမီးများဟာ ကွင်းစွပ်အရှည်၊ ခါးစီး၊ ပုဝါခြုံထည်ကို ဝတ်ဆင်ကြသည်ကို နံရံဆေးရေး

ပန်းချီအထောက်အထားများအရ သိရပါတယ်။ ပုဂံမင်းနန်းသူရွာအနီး နန္ဒပညာဘုရားတွင် အရွယ် အမျိုးမျိုး အမျိုးသမီး ၁၂ ဦးပုံ ဝတ်စားဆင်ယင်မှုအရ အထောက်အထား သိရပါတယ်။ အင်းဝခေတ်တွင်လည်း ထမီရှည်နှင့်လုံခြုံအောင် ခြုံထည် ပတ်ထားကြသည်ကို စစ်ကိုင်းတိလောကဂုရုဘုရားမှာ တွေ့ရပါတယ်။ ကုန်းဘောင်ခေတ်ကျတော့ ထမီရှည်များဝတ်ကြတယ်။ တိုနေသည်ကို ရှည်အောင် အထက်ဆင့်သည့်သဘောလည်းဖြစ်အောင်၊ အထက်ပိုင်းသတ်မှတ်တဲ့ သဘောမျိုးလည်းဖြစ်အောင် အထက်ဆင်တပ်၍ ဝတ်ဆင်ကြပါသည်။ အဲဒီနောက်မှာ ရတနာပုံခေတ်ကျတော့ ရှေးပိုင်းသုံးထပ် ဖုံးလုံးကွင်း ထမီကိုဝတ်ဆင်ကြပါတယ်။ အဲဒီနောက်မှာ ပြန့်ထမီကို ပြောင်းလဲဝတ်ဆင်လာကြပါတယ်။ ရင်သားကို လုံခြုံအောင်၊ ကြပ်ထုပ်အောင် ထိန်းသိမ်းဝတ်ကြပါတယ်။ လွန်ခဲ့တဲ့ ဒုတိယကမ္ဘာစစ်ကြီး မတိုင်မီထိ မြန်မာအမျိုးသမီးများ ယဉ်ကျေးသိမ်မွေ့စွာ ခေတ်အဆက်ဆက်လုံလုံခြုံခြုံ ဝတ်စားဆင်ယင်လာခဲ့ကြသည်ကို တွေ့ရပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးအပြီးမှာတော့ အနောက်တိုင်းယဉ်ကျေးမှုတွေ အဖက်ဖက်မှ ထိုးဖောက်ဝင်ရောက်ခဲ့တာတွေ တွေ့ရမည်ဖြစ်ပါတယ်။ မိမိတို့ ရိုးရာဝတ်စုံကို ပစ်ပယ်ပြီး ထူးထူးဆန်းဆန်း ကမ္ဘာနှင့်ရင်ပေါင်တန်းတယ်ရယ်လို့ မိမိတို့နှစ်သက်သလို ပြောင်းလဲဝတ်ဆင်လာကြပါတယ်။ တစ်စတစ်စ ရိုးရာဝတ်စုံဆိုတာ လူကြီးပိုင်းလောက်သာ ဝတ်ဆင်မြဲ ဝတ်ဆင်ကြသည်ကိုတွေ့ရပါတယ်။ ဒါပေမယ့် လူငယ်များဟာ ခေတ်ရေစီးကြောင်းအရ ဝတ်စားဆင်ယင်မှု ပြောင်းလဲလာကြတယ်လို့ ဆိုပါတယ်။ ဆရာမကြီး ဒေါက်တာဒေါ်သန်းငွေ ပြောသွားတာ အင်မတန်ကောင်းပါတယ်။ ရေစီးကြောင်းကို တားမရဘူးဆိုပေမယ့် ရေစီးကြောင်းမှာပါလာတဲ့ အမှိုက်သရိုက်ကိုတော့ ဖယ်ထုတ်ပစ်ဖို့လိုပါတယ်။ ဒါဟာ အင်မတန်ကောင်းတဲ့ဥပမာပါ။ ယနေ့ဆိုလို့ရှိလျှင် မိရိုးဖလာဝတ်ဆင်ကြတယ်။ အမျိုးသမီးကြီးတွေက ဘာဖြစ်လာလည်းဆိုတော့ အမျိုးသမီးငယ်လေး တချို့က အားလုံးကို မဆိုလိုပါဘူး။ တချို့က ဇီးရိုးပင်အထိတောင် ဝတ်လာကြတယ်။ ဇီးရိုးပင် ရောင်းမလောက်အောင်ဖြစ်နေတဲ့ အခြေအနေမျိုး ဖြစ်နေတယ်။ ဒေါက်တာသန်းဝင်းပြောသလို မြန်မာအမျိုးသမီးငယ်များအချို့ ဟိရီဩတ္တပ္ပအရှက်တရား၊ အကြောက်တရားရှိဖို့ ထိန်းသိမ်းပေးဖို့ လိုနေ ပါပြီ။ မြန်မာ့ယဉ်ကျေးမှုနှင့် လုံးဝမကိုက်ညီသော သရုပ်ပျက်ဝတ်စား ဆင်ယင်မှုအခြေအနေ ရောက်ရှိနေသည်ကို တွေ့ရပါတယ်။ ကျွန်တော် တစ်နေ့က အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးကော်မတီအနေဖြင့် ရန်ကုန်စီးတီးဟိုတယ်မှာ မြန်မာနိုင်ငံဂီတအစည်းအရုံးအဖွဲ့နှင့် တွေ့ဆုံညှိနှိုင်းပြီးအပြန်မှာ ဘတ်(စ်)ကားကြီးပေါ်ရှိ တီဗွီကြည့်ရတာ ရန်ကုန်မြို့မှစပြီးတော့ ၁၁၅ မိုင်ထိသီဆိုကခုန်နေတဲ့ အမျိုးသမီးငယ်များအားလုံးဟာ ဇီးရိုးပင်နှင့်ဟန်အမျိုးမျိုးပြနေသည်မှာ မြင်မ

ကောင်း၊ ရှုမကောင်း ဟိရိသြတ္တပ္ပမရှိဖြစ်နေသည်ကို တွေ့မြင်နေရပါတယ်။ ဒါကြောင့်မို့လို့ သရုပ်ပျက် ဝတ်စားဆင်ယင်မှုများ တစ်ပြည်လုံးကူးစက်မသွားခင်မှာ ဒေါက်တာသန်းဝင်းအဆိုအရ မြန်မာ့ရိုးရာ ယဉ်ကျေးမှုမြှင့်တင်ရေး စီမံချက်ဆောင်ရွက်သင့်ပြီး ဖြစ်ပါတယ်။ ဒါပေမယ့် လောလောဆယ် ကော်မရှင်တစ်ရပ်ဖွဲ့စည်းရန်တော့ မလိုအပ်သေးဘူးလို့ ယူဆပါတယ်။ ဘာလို့လဲဆိုတော့ အခြေခံ ဥပဒေမှာတော့ ပါရှိပြီးဖြစ်ပါတယ်။ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးကော်မတီဖွဲ့စည်း ထားပြီးဖြစ်ပါတယ်။ ဒါကြောင့် လောလောဆယ်တော့ မိမိတို့ရဲ့ သားသမီးများ၊ တပည့်များကို ဒီလိုမဝတ်နဲ့၊ ဒီလိုမဆိုနဲ့ ဆိုဆုံးမရင် ခုန မိဘဘိုးဘွားဆရာသမားများကနေပြီတော့ ဆိုဆုံးမလျှင် အချိန်မီသေးကြောင်း အပြုသဘောနဲ့ ဆွေးနွေးတင်ပြအပ်ပါကြောင်း။ အားလုံးကို ကျေးဇူးတင်ပါ တယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်အေးမြင့်(ရွှေတောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များအားလုံးကို ကျန်းမာပကတိ ချမ်းသာစွာရှိကြပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါတယ်ရှင်။ ကျွန်မကတော့ ရွှေတောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်အေးမြင့် ဖြစ်ပါတယ်။ ကျွန်မသည် ဒေါက်တာသန်းဝင်း၏ မြန်မာ့ရိုးရာယဉ်ကျေးမှုထိန်းသိမ်း စောင့်ရှောက်ရေးကော်မရှင်တစ်ရပ် ဖွဲ့စည်း၍ အမျိုးသားယဉ်ကျေးမှု မြှင့်တင်ရေးစီမံချက်ချ ဆောင်ရွက်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးမှာဖြစ်ပါတယ်။ တန်ဖိုးရှိသည့်အချိန်ကို အကျဉ်းချုပ်ချွေတာတဲ့သဘောနဲ့ ကျွန်မရဲ့ ဆွေးနွေးချက်ကို ဖတ်ကြား တင်ပြခွင့်ပြုပါ။

ဥက္ကဋ္ဌကြီးရှင့်။ ဆရာဒေါက်တာသန်းဝင်းရဲ့အဆိုကို ကြည့်တဲ့အခါမှာ မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် အမျိုးသားယဉ်ကျေးမှုမြှင့်တင်ရေး ဆောင်ရွက်ရန် နှစ်ပိုင်းပါရှိ ပါတယ်။ ပထမပိုင်းဖြစ်တဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးဟာ အမှန်တကယ် လိုအပ်နေပြီဖြစ်ပါတယ်။ စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်စတဲ့ မြန်မာ့အနုသုခုမ ပညာရပ်များမှာရော နေ့စဉ်ပြောဆိုနေထိုင်သွားလာဆက်ဆံတဲ့ လူမှုရေးဓလေ့များပါ ကြုံတွေ့နေရတဲ့ မျက်မှောက် အခြေအနေကို ခေတ်ရေစီးပဲ သွားတားလို့ကတော့ တားတဲ့လူပဲ ရေစီးထဲဒလိမ့်ခေါက်ကွေးပါသွား မှာလို့ စိတ်အလိုလိုက် စိတ်ကြိုက်ပြောနေရုံနဲ့တော့ မြန်မာ့ရိုးရာယဉ်ကျေးမှုဟာ ရေစုန်မျောရ

ပါလိမ့်မယ်။ ရေစီးကို တန့်အောင် တမံတုပ်သလိုမျိုး အမျိုးသားရေးအမြင်ဖြင့် တမံတုပ်ဖို့ လိုပြီဖြစ်ပါတယ်။ မြန်မာ့ရိုးရာပန်းအနုပညာဆယ်မျိုးဖြစ်တဲ့ ဘုရားမတင်နတ်မတင် လူတွင်ပန်းဆယ်မျိုးလို့ အမှတ်အသားပြုကြတဲ့ ပန်းတိမ်၊ ပန်းပဲ၊ ပန်းပု၊ ပန်းချီ၊ ပန်းရံ၊ ပန်းတည်း၊ ပန်းတော့၊ ပန်းတမော့၊ ပန်းပွတ်၊ ပန်းယွန်းဆိုတဲ့ ဆယ်မျိုးမှာ ပန်းတရာလို့ခေါ်တဲ့ အခုတော့ ပန်တျာလို့ပဲ ခေါ်ပါတယ်။ ဂီတပညာ၊ ပန်းယွန်းလို့ခေါ်တဲ့ ကျောက်သွေးအတတ်ပညာကို ပေါင်းပြီးတော့ ပန်းပွင့်မာလာ တတ်သိပ္ပံ၊ လူ့ရွှာ ဆယ့်နှစ်ပွင့်လို့လည်း သင်္ကေတပြုတဲ့ အနုပညာတွေ အခုခေတ်လူငယ်တွေဟာ စုံစုံစေ့စေ့ ကြားဖူးသူ ရှားနေပါသည်။ ဒီလိုပဲ မြန်မာ့ရိုးရာကွတ်စိပ်ဟောခြင်း၊ နှုတ်မှုအနုပညာ၊ ရုပ်သေးကြိုးဆွဲလက်မှုအနုပညာတွေဆိုရင်လည်း နိုင်ငံတော် ဆိုကာရေးတီးပြိုင်ပွဲတွေမှာသာ တွေ့နိုင်တော့တာပါ။ ကြိုးဆွဲရုပ်သေးဆိုတာ မြန်မာ့ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုစစ်စစ်ပါ။ အခြားလူမျိုး တချို့ရဲ့ ဒုတ်ထိုးရုပ်သေးဆိုတာ ကြိုးရှုပ်တဲ့မြန်မာ့ရုပ်သေးပညာရဲ့ အဆင့်အတန်းကိုမယှဉ်နိုင်ပါ။ အလှူဒါနပွဲများမှာ ဆိုင်းပြိုင်တီးပြီး လက်စွမ်း၊ ပညာစွမ်းပြကြတဲ့ အနုပညာမျိုးကိုလည်း ဒီနေ့ခေတ်လူငယ်များ မတွေ့မကြုံဖူးတော့ပါ။ ကြုံလာရင်လည်း ကြိုက်ရကောင်းမှန်း မသိကြတော့ပါ။ သူတို့ခေတ်မှာ ကြုံလာသမျှ အနုပညာ အမည်ခံစံလွှဲ၊ အကြမ်းပညာများကိုသာ ကြုံတိုင်းကြိုက်နေကြပါသည်။ မြန်မာ့ရုပ်ရှင်မှာလည်း စက်မှုအတတ်ပညာပိုင်းဆိုင်ရာ အခြေအနေမပေးသေးလို့ ဖန်တီးပြုလုပ်ချက်တွေလိုအပ်နေသေးတာက လွဲရင် ရွှံ့ကိုင်ရင်တောင် ရွှေဖြစ်တယ်လို့ ကျော်ဇောခဲ့တဲ့ ဆရာကြီး ဦးသုခလို အစွမ်းထက်တဲ့ ဒါရိုက်တာကောင်းတွေ၊ သရုပ်ပြနေတာကို မေ့လျော့ပြီး သူ့အနုပညာ အနောက်ကို မျောပါနေလောက်အောင် မင်းသားမင်းသမီး၊ ဇာတ်ပို့ဇာတ်ရံကောင်းတွေနဲ့ အနုပညာ ဂုဏ်ရည်အားမနည်းပါဘူး။ အားနည်းနေတာက ဝတ်စားဆင်ယဉ်ထုံးဖွဲ့တဲ့ အမျိုးသားယဉ်ကျေးမှု ပါပဲ။ အနုပညာဆိုတာ လူ့လောက၊ လူ့သဘာဝ တကယ့်အဖြစ်မှန်တွေကို အစစ်ထင်ရအောင် တုရတဲ့ အတုပညာပါ။ အခုတော့ မြန်မာ့ရုပ်ရှင်အနုပညာရှင်အချို့ဟာ ပြည်ပသရုပ်ဆောင်တို့ရဲ့ အဖော် အလုပ်ကိုသာ တုနေကြပါတယ်။ အဆိုရှင် ဆရာဒေါက်တာသန်းဝင်းက ဂီတလောကအခြေအနေ ကိုလည်း လွန်စွာစိုးရိမ်နေပုံရပါတယ်။ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လထဲမှာ မြန်မာနိုင်ငံဂီတ အစည်းအရုံး ရွေးကောက်ပွဲကို မဟာဂီတ၊ ကာလပေါ် စတူဒီယို၊ ထုတ်လုပ်၊ ဖြန့်ချိ၊ စက်မှုဆိုပြီးတော့ အလွှာငါးလွှာနဲ့ ဖွဲ့စည်းသတ်မှတ် ရွေးချယ်ဖွဲ့စည်းဖို့ စီစဉ်ထားတယ်လို့ ပထမကြားသိရပါတယ်။ နောက် လူငယ် ဂီတသမားတွေကနေ ခေတ်သစ်အလွှာ ဖွဲ့စည်းပြီးတော့ တစ်လွှာထပ်တိုးဖို့လို့ အဆိုပြုလာကြတယ်လို့ လည်းပဲ ထပ်မံပြီးကြားသိရပါတယ်။ လူငယ်ဂီတသမားထဲက ဒီအတိုင်းသာ ဆက်လုပ်သွားရင် ဂီတ

အစည်းအရုံးဝင်အဖြစ်မှ နုတ်ထွက်ပါမယ်။ ကိုယ်တိုင်လက်မခံတဲ့အပြင် ဒါကို လက်ခံတဲ့ အနုပညာရှင် ရှိလာရင်လည်း သူနဲ့ လုံးဝအလုပ်မလုပ်ပါဘူးလို့ ခါးခါးသီးသီးဖြစ်သူကဖြစ်ပြီး လူကြီးတွေကို ဖော်ထုတ်ဖို့ လုံးဝဆန္ဒသိပ်မရှိပါဘူး။ အတွေ့အကြုံရှိတဲ့၊ နားလည်တဲ့၊ အမြင်ကျယ်တဲ့ လူကြီးတွေနဲ့ လက်တွဲသင်ယူပြီး အလုပ်လုပ်ချင်တာပါလို့ အပြောလှတဲ့လူလည်း ရှိပါတယ်။ ဂီတပိုင်းမှာ မူလတန်း၊ အလယ်တန်း အရွယ်ကလေးတွေကို အရွယ်နဲ့မလိုက်အောင် အရှိုက်အခွဲ့တွေနဲ့ ခြေဆောင့်လက်ရမ်း ပရမ်းပတာအမူအရာတွေနဲ့ အဆိုပြိုင်ပွဲတွေလုပ်ပေးနေတာကလည်း သင့်၊ မသင့် ချင့်ချိန်ဖို့ လိုလာပါပြီ။ အရွယ်ရောက်ပြီးသား ပါရမီရှင်တွေကို ရွက်ပုန်းသီးမဖြစ်ရအောင် ပျိုးထောင်ဖော်ထုတ်ပေးတာ လိုလားအပ်ပေမယ့် အချိန်မတိုင်မီ ရင့်မှည့်သယောင်ထင်ရအောင် ပြုပြင်ခံရတဲ့ ရွက်အုပ်သီးများ အရသာပျက်ခံရသလို အမျိုးသားသရုပ်မမှန်တဲ့နည်းတွေနဲ့ဖော်ထုတ်ခံရတဲ့ လူမမယ်ကလေးများမှာ ကျီးမမည်၊ ကြက်မမြောက် အောက်ကလိအာလေးတွေဖြစ်ရမှာ စိုးရိမ်စရာပါ။ ဒီခေတ်သစ်အလွှာဆိုတဲ့ ဂီတရေးရာမှာ လူငယ်ပရိသတ်က ရှိနေတော့ ပစ်ပယ်ထား လို့ ရမှာမဟုတ်ပါဘူး။ စည်းနဲ့၊ ကမ်းနဲ့၊ နည်းနဲ့၊ လမ်းနဲ့ဖြစ်ဖို့သာ ထိန်းသိမ်းကြပ်မတ်ဖို့ လိုပါလိမ့်မယ်။ ခေတ်အဆက်ဆက်မှာ မိမိအမျိုးသား ရိုးရာယဉ်ကျေးမှုကို တန်ဖိုးထားတတ်ကြစေဖို့ အားထုတ်ခဲ့ကြတဲ့ အသိပညာရှင်၊ အတတ်ပညာရှင် များဟာ စွမ်းနိုင်သမျှ ကြိုးစားအားထုတ်ခဲ့ကြပါတယ်။ မန္တလေးတက္ကသိုလ်၊ မြန်မာစာဌာနမှာဆိုရင် သောကြာနေ့တိုင်း ဆရာကြီး ရွှေပြည်ဦးဘတင်က လာပြီးတော့ ဟောပြောပါတယ်။ နောက် ခုတုန်းကလည်း ရှေ့ကဆွေးနွေးသွားတဲ့ ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးသွားတဲ့အတိုင်းပဲ ရေဒီယို မြန်မာ့အသံက ဆရာမကြီး ဒေါ်ရီရီကျိန်းရဲ့ ပြောပါရစေရှင်ကဏ္ဍ၊ ရှေ့သို့စာစောင်က ဆရာမကြီး ဒေါ်စောမုံညှင်းရဲ့ အချိန်အခါရာသီအလိုက်၊ နေရာဒေသအလိုက် ဝတ်စားဆင်ယဉ်ထုံးဖွဲ့တဲ့ မိန်းကလေးများရဲ့ ယဉ်ကျေးမှု၊ နောက် ကလျာမဂ္ဂဇင်းမှာ ဆရာမကြီး လူထုဒေါ်အမာရဲ့ အမေ့ရှေးစကား ဟောပြောရေးသားချက်တွေဟာ မြန်မာတို့ရဲ့ယဉ်ကျေးမှုအစစ်လူ့အနှစ်တွေကို လှစ်ပြခဲ့ကြတာပဲ ဖြစ်ပါတယ်။ ဒါကြောင့် အဆိုရဲ့ပထမပိုင်းဖြစ်တဲ့ မြန်မာ့ ရိုးရာယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးသည် လိုလားအပ်သော အရေးကိစ္စဖြစ်ကြောင်း ကျွန်မ ထောက်ခံပါတယ်။ နောက်အဆိုရဲ့ ဒုတိယပိုင်းဖြစ်တဲ့ အမျိုးသားယဉ်ကျေးမှုမြှင့်တင်ရေးဆိုတဲ့အပိုင်းမှာတော့ အဟောင်းတိုင်းမကောင်းတော့တာ အသစ်တိုင်းအဖြစ်မရှိတာ၊ မနှစ်သက်တာ မဟုတ်ပါဘူး။ သရက်သီးဆိုတာ အမှည့်လည်း ချိုမှိန်သလို အကင်းဟာလည်း ထမင်းကို မြိန်စေတာပါပဲ။ ကျွန်မတို့ရဲ့ မြန်မာစာပါမောက္ခ ဆရာကြီး ဦးအေးမောင်က အမျိုးသားယဉ်ကျေးမှုဆောင်းပါးမှာ မြန်မာ့ရိုးရာ ထိုးကွင်းမင်ကြောင်ထိုးတဲ့ဓလေ့ကို

မမေ့ဖျောက်သင့်ဘူးလို့ ဆိုတာမှာ လူ့အသားကို သွေးထွက်သံယို အနာတရဖြစ်အောင် စုတ်ထိုးမှုကို ပြန်လည်ဖော်ထုတ်ဖို့ ဆိုလိုတာမဟုတ်ပါဘူး။ လူ့သက်တမ်းနှင့်အမျှ ခန္ဓာကိုယ်ပေါ်မှာ နေ့စဉ်၊ ရေချိုး၊ ပွတ်တိုက်စသဖြင့် ဒီလိုလုပ်နေတာတောင်မှပဲ ဆေးအရောင်မမှိန်ဘဲနဲ့ လူ့သက်တမ်းနှင့်အမျှ စွဲမြဲသွားတဲ့ ဆေးစက်အတတ်ပညာကို မတိမ်ကောမပျောက်ပျက်အောင် ထိန်းသိမ်းစေချင်တာလို့ ရိုးရာဓလေ့ထိန်းသိမ်းခြင်းသဘောကို ပြဆိုခဲ့ပါတယ်။ တောင်ငူခေတ် နန်းတွင်းစာဆိုတော် ရဝေရှင်ထွေးက ဆံထုံး ထုံးနည်း ၅၅ မျိုးကို အိုင်ချင်းဖွဲ့ဆို ပြထားခဲ့ပါတယ်။ ကျွန်မတို့ခေတ်မှာ ဒီဆံထုံး ထုံးနည်း အားလုံးကို လိုက်ထုံးဖွဲ့ဖို့ဆိုတာဟာ အချိန်လိုအပ်ချက်ကစပြီးတော့ ဘယ်လိုမှ အဆင်မပြေနိုင်တော့ပါဘူး။ ဒါပေမယ့် ဆံထုံး ထုံးပြီး ပန်းပန်တဲ့ဓလေ့ဟာ ကျွန်မတို့ မြန်မာအမျိုးသမီးတို့ရဲ့ သီးသန့်ယဉ်ကျေးမှုဆိုတာကိုတော့ နှောင်းလူတွေ မမေ့အပ်ပါဘူး။ ဒါကို သူတို့ သိဖို့ လိုပါလိမ့်မယ်။ ကျွန်မတို့ယဉ်ကျေးမှုအနေနဲ့လည်း အထွတ်အမြတ်ထားဖို့ လိုပါလိမ့်မယ်။ ရှေ့က ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးသွားတဲ့အထဲမှာ နှစ်ယောက်၊ သုံးယောက်မှာ ပါပါတယ်။ သင်္ကြန်အခါမှာ ဝတ်စားဆင်ယဉ်မှုတွေပျက်ယွင်းလာတာ အဲဒီမှာ ကျွန်မကြားခဲ့တာလေးတစ်ခုကို ပြောပြချင်တာပါ။ အဲဒါ လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်ကျော်က စက်မှုတက္ကသိုလ်မှာ တာဝန်ထမ်းဆောင်နေစဉ် သင်္ကြန်ကျောင်းပိတ်ခါနီးလာတဲ့တစ်နေ့မှာ ကားဂိတ်မှာကားစောင့်နေတော့ ကျောင်းသားနှစ်ယောက်ကလည်း ကားစောင့်နေတယ်။ ဒီကျောင်းသားနှစ်ယောက်က တစ်ယောက်ကနေ ဘာပြောလဲဆိုတော့ ငါ့မှာများ နှမရှိရင်တဲ့ သင်္ကြန်တွင်းမှာ ဒီနှမကို ကြိုးတုတ်ပြီး အခန်းထဲထည့်ပိတ်ပြီး သော့ခတ်ထားမယ်လို့ ပြောတယ်။ နှမကို ကြိုးကလည်း တုတ်ဦးမယ်။ အခန်းထဲလည်း ထည့်ဦးမယ်။ သော့လည်း ခတ်ဦးမယ်။ ဒီကလေးဟာ ယဉ်ကျေးမှုကို မိန်းကလေးမြန်မာအမျိုးသမီးလေးတစ်ယောက်ကို ဘယ်လိုထိန်းသိမ်းရမလဲဆိုတာ သူသိတဲ့သဘောပါပဲ။ ဒါကြောင့်မို့လို့ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်ထဲက မောင်ဘွားမိဘတွေရဲ့ အုပ်ထိန်းကြပ်မတ်မှုသာ စည်းရှိခဲ့မယ်။ တင်းကြပ်ခဲ့မယ်ဆိုရင် ကျွန်မတို့ ယဉ်ကျေးမှု ဒီလောက်ပျက်ယွင်းလာစရာ အခြေအနေမဟုတ်ပါဘူး။ အမျိုးသားယဉ်ကျေးမှုကို မြှင့်တင်မယ်ဆိုရင် ကိုယ့်မှာမရှိသေးတဲ့ ကိုယ်နဲ့သင့်လျော်အပ်စပ်တဲ့ အသစ်တွေကို ဖြည့်ဆည်းဖို့ လိုသလို ကိုယ့်မှာရှိပြီးသားဖြစ်တဲ့ မေ့လျော့တိမ်မြုပ်နေတဲ့ အရာတွေကိုလည်းပဲ ပြန်လည်ဖော်ထုတ်ဖို့ လိုပါတယ်။ ဥပမာ ဂီတပိုင်းဆိုင်ရာမှာ ပြည်သူ့တေးသံ ကောက်စိုက်မတေးသံ၊ မောင်းထောင်းတေးသံတို့လို ပြည်သူတွေကြားကပေါ်ထွက်ခဲ့တဲ့ တေးအလင်္ကာစာကဗျာတွေ၊ အင်းလေးတိုက်တေး၊ ထားဝယ် ဒိန်းသံ၊ ကရင်ဩသံတို့လို တိုင်းရင်းသားအသင်းများဟာ ကျွန်မတို့ အမျိုးသားယဉ်ကျေးမှု အမြုတေရတနာများ ဖြစ်ပါတယ်။

ကြာရိုးကြာဆွယ်ကိုကြည့်ပြီး ရေအတိမ်အနက်ကို သိနိုင်သလို မယဉ်ကျေးခြင်း၊ ယဉ်ကျေးခြင်းကို ကြည့်ပြီးလည်း လူမျိုးရဲ့အဆင့်အတန်းကို တွက်ဆနိုင်ပါတယ်။ ယဉ်ကျေးမှုက အမျိုးသားရေးစံဖြစ်ပါတယ်။ အမျိုးသားရေးစံပျက်လို့ရှိရင် ယဉ်ကျေးမှုလည်း ပျက်ပါလိမ့်မယ်။ ယဉ်ကျေးမှုပျက်ရင် လူမျိုးပါပျောက်မှာ ဖြစ်ပါတယ်။ နောက် ယဉ်ကျေးမှုဆိုတာဟာ အင်မတန်ကို ကျယ်ပြန့်နက်ရှိုင်း သိမ်မွေ့လှပါတယ်။ ကျွန်မတို့ရဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုအနှစ်ချုပ်ကို ပြောမယ်ဆိုလို့ရှိရင် လေးချက်ပဲ ရှိပါတယ်။ နံပါတ်တစ်အချက်သည် မြန်မာ့ရိုးရာယဉ်ကျေးမှုတို့ရဲ့ အနှစ်သာရအချုပ်လေးချက်ထဲက နံပါတ်တစ်အချက်ကို ပြောမယ်ဆိုရင်တော့ မကောင်းမှုဟူသမျှ ပြုလုပ်ပြောဆို ကြံစည်ရမှာ ရှက်ခြင်း ဟီရိပါ။ နံပါတ်နှစ်က မကောင်းမှုဟူသမျှ ပြုလုပ်ပြောဆို ကြံစည်ရမှာ ကြောက်ခြင်း ဩတ္တပ္ပပါ။ နံပါတ်သုံးက လေးစားရိုသေထိုက်သူကို ရိုသေလေးစားခြင်း ဂါရဝတရားပါ။ နံပါတ်လေးက မိမိ ကိုယ်ကိုနှိမ့်ချခြင်းဆိုတဲ့ နိဝါတတရားတို့ပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ဒီနေရာမှာ ကျွန်မကို အချိန်လေး နည်းနည်းပေးပါ။ အဲဒါက ဘာလဲဆိုတော့ ဂါရဝ၊ နိဝါတရဲ့ ပြရုပ်ကလေးကို ကျွန်မ သိစေချင်၊ ကြားကြစေချင်လို့ပါ။ သိပြီးသားလည်း ဖြစ်ကြမှာ ဖြစ်ပါလိမ့်မယ်။ နောက် ဆရာကြီးသခင် ကိုယ်တော်မှိုင်းဆီကို ဆရာကြီးရွှေဥဒေါင်း ရောက်သွားတဲ့အခါမှာ ဆရာသော်တာဆွေလည်းပါသွား ပါတယ်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းဆီကို ရောက်တဲ့အခါမှာ ဆရာကြီးရွှေဥဒေါင်းဟာ စကား တစ်ခွန်းမှမပြောသေးဘဲနဲ့ လက်အုပ်ချီမိုးရှိခိုးပါတယ်။ အဲဒီ ရှိခိုးပြီးတဲ့အခါကျတော့လည်းပဲ ဒူးထောင် ပေါင်ကားနဲ့ မထိုင်ဘဲနဲ့ သေသေဝပ်ဝပ် ကျုံ့ကျုံ့ယုံ့ယုံ့ထိုင်ပြီးတော့ လေးလေးစားစား စကားပြော ပါတယ်။ နောက် စကားပြောပြီးတော့ ပြန်မယ်ဆိုတဲ့ အခါကျတော့ ဒီလိုပဲ ထိုင်ပြီးတော့ သူ လက်အုပ် ချီမိုး ရှိခိုးကန်တော့ပါတယ်။ အဲဒီအခါမှာ အသက် ခုနစ်ဆယ်ကျော်အဘိုးကြီးကို အသက်ခြောက်ဆယ် ခန့် အဘိုးက ကန်တော့နေတာကြည့်ပြီးတော့ အသက်လေးဆယ်မှ မပြည့်သေးတဲ့ ဆရာသော်တာဆွေ က ဘယ်လိုမှတ်ချက်ချခဲ့သလဲဆိုတော့ ဒီဆရာကြီးနှစ်ယောက်ကို ကြည့်ရတာ ကျောင်းထိုင်ဘုန်းကြီးနဲ့ ဦးပဉ္စင်းကို ကြည့်နေရသလိုပဲတဲ့ ဒီလို မှတ်ချက်ချခဲ့ပါတယ်။ ကျွန်မတို့ရဲ့ ယဉ်ကျေးမှုဆိုတာ ဒါပါဘဲ။ တစ်ယောက်နဲ့တစ်ယောက် ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံခြင်းကို ဆိုလိုတာပါပဲ။ ဒီနေရာမှာ မြန်မာ့ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးအမျိုးသားယဉ်ကျေးမှုမြှင့်တင်ရေးနဲ့ ပတ်သက်ပြီးတော့ ကျွန်မ တွေးဆရင်းနဲ့ ကျွန်မ မြင်တာလေး သုံးချက်ကို နိဂုံးချုပ်အနေနဲ့ ကျွန်မပြောပါရစေ။ နံပါတ်တစ် ယောကျ်ား၊ မိန်းမ ရည်ငံချစ်ခွင့်ပန် ဓလေ့မှာ ပန်းပမာမိန်းကလေးထံ ပျားပိတုန်းလိပ်ပြာ ယောကျ်ား လေးက ဝဲပျံရောက်လာစတင်ရတဲ့ ကျွန်မတို့ရဲ့ အစဉ်အလာယဉ်ကျေးမှုအစား ယောကျ်ားလေးက

စဉ်းစားပါရစေဦးလို့ တောင်းပန်နေရတဲ့ လောကဇောက်ထိုး မိန်းမနောက်ပိုးအဖြစ်၊ နံပါတ်နှစ် ရာသက်ပန် ရိုးမြေကျ သေတပန်သက်တစ်ဆုံးဆိုတဲ့ သစ္စာစကားတွေ ပျောက်ကွယ်လုမတတ် ကွာရှင်းမှုတွေများလာတဲ့အဖြစ်၊ နံပါတ်သုံး တစ်သက်တစ်ကိုယ်မကြားဖူးကြတဲ့ လူမမယ်ကလေးများကို အလွဲသုံးစားလုပ်တဲ့ စက်ဆုပ်ဖွယ်အဖြစ်တွေဟာ ကျွန်မတို့ရဲ့ ယဉ်ကျေးမှုတွေ မဟုတ်ပါဘူး။ ဒီအဖြစ်မျိုးတွေဟာ ကျွန်မတို့ မြန်မာ့ယဉ်ကျေးမှုခြံစည်းရိုး အကျိုးအပဲ့အပေါက်အပြဲက ဝင်လာတဲ့ သရုပ်ပျက်တွေ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုဆိုတာ မိမဆုံးမ၊ ဖမဆုံးမမဟုတ်ပါ။ ဆရာမနိုင်နှစ်ဆောင်ပြိုင်လည်းမဟုတ်ပါ။ ဒါကြောင့် အမျိုးသားယဉ်ကျေးမှုအစစ် လူမျိုးအနှစ် မလျော့ပါး မပျောက်ကွယ်ရအောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသားယဉ်ကျေးမှုမြှင့်တင်ရေးဟာ အမှန်တကယ် လိုအပ်တဲ့အတွက်ကြောင့်မို့လို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်လို့ ပါရှိပြီးဖြစ်တဲ့ အတွက်ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနသို့ မေတ္တာရပ်ခံအပ်ပါသည်ရှင်။ အားလုံးကို လေးစားပါတယ်။ (သြဘာသံများ)

## ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်စန္ဒာခင်(ဒုတိယဝန်ကြီး၊ယဉ်ကျေးမှုဝန်ကြီးဌာန)။** ။ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များရှင်။ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ လေ့လာရေးအဖွဲ့များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ရှင့်။ ကျွန်မကတော့ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း အဆိုတင်သွင်းသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု မြှင့်တင်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မရှင်တစ်ရပ်

ဖွဲ့စည်း၍ အမျိုးသားယဉ်ကျေးမှုမြှင့်တင်ရေး စီမံချက်များချမှတ်ဆောင်ရွက် ပေးပါရန်အဆိုနှင့် ပက်သက်၍ ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်ရှင်။ မြန်မာ့ရိုးရာယဉ်ကျေးမှု စရိုက်လက္ခဏာများ မပပျောက်စေရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် တိုးတက်ပြန့်ပွားစေရေးအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၁) ဖြင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဥက္ကဋ္ဌအဖြစ်တာဝန်ပေးအပ်ပြီး အဖွဲ့ဝင် ၁၈ ဦး ပါဝင်သည့် မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီကို ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ် ရှင်။ ယခုအခါ မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီသည် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးစရိုက်လက္ခဏာများ ပိုမိုတိုးတက်ရှင်သန်ရေးနှင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးတို့အတွက် ပြဋ္ဌာန်းထားပြီးဖြစ်သော ကော်မတီ၏လုပ်ငန်းတာဝန်များကို ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်ရှင်။ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဆွေးနွေးသွားသလိုပါပဲ။ ကျွန်မတို့ မြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှုသမိုင်းကြောင်းဟာ ကျယ်လည်းကျယ်ပြန့်ပါတယ်။ ရှည်လည်း ရှည်လျားပါတယ်ရှင်။ ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုတွေဖြစ်တဲ့ Tangible Culture ကြွယ်ဝခဲ့သလို တစ်နိုင်ငံလုံးအနှံ့မှာ ကြွယ်ဝခဲ့သလို စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုတွေဖြစ်တဲ့ Intangible Culture တွေလည်း ကျွန်မတို့ အများကြီး ဖွံ့ဖြိုးတိုးတက်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့အနေနဲ့ ဒီရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှုတွေရော၊ စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှုတွေရောကို ဟန်ချက်ညီညီနဲ့ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါတယ်ရှင်။

ယင်းသို့ ဆောင်ရွက်ရာမှာ မြန်မာ့ရိုးရာယဉ်ကျေးမှု စရိုက်လက္ခဏာများကို စဉ်ဆက်မပြတ် ဖော်ထုတ်ထိန်းသိမ်းဆောင်ရွက်ခြင်းလုပ်ငန်းရဲ့ အဓိကအရေးပါသော လုပ်ငန်းတစ်ရပ်ဖြစ်တဲ့ မြန်မာ့ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို နိုင်ငံတော်၏ဦးဆောင်လမ်းညွှန်မှုဖြင့် စဉ်ဆက်မပြတ်ကျင်းပလာခဲ့ရာ ယခုအခါမှာဆိုရင် ၁၈ ကြိမ်မြောက်ပြိုင်ပွဲကြီးအထိ အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်ရှင်။ ဆက်လက်၍လည်း အထက်ပါလုပ်ငန်းများ အရှိန်အဟုန်မပျက် ထိန်းသိမ်းဆောင်ရွက်နိုင်ရေးအတွက် ယခု ၂၀၁၂ ခုနှစ်မှာ ကျင်းပမယ့် ၁၉ ကြိမ်မြောက် မြန်မာ့တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု အဆို၊ အကများကို ယခင်ထက်ပိုမိုကျယ်ပြန့်စွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါတယ်ရှင်။ နောင်နှစ်များ

မှာလည်း ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်ရန်အတွက် စီမံဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အလားတူပင် မြန်မာတို့၏ရိုးရာယဉ်ကျေးမှု အနုပညာရပ်များ မတိမ်ကောစေရေး၊ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ၊ အနုပညာ အထက်တန်းကျောင်းများမှာ စနစ်တကျ သင်ကြားပေးလျက်ရှိပါတယ်။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များမှာ သင်ကြားလျက်ရှိတဲ့ ယဉ်ကျေးမှုအနုပညာရပ်များ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဆိုအကများကို စိတ်ပါဝင်စားသည့် နိုင်ငံတကာမှ ပညာသင်များကိုလည်း မြန်မာ့ ရိုးရာယဉ်ကျေးမှုများ ပြန့်ပွားထွန်းကားရေးအတွက် လက်ခံသင်ကြားပေးလျက် ရှိပါတယ်ရှင်။ အလားတူပဲ ပြည်ပမှဖိတ်ခေါ်မှုများအရ သွားရောက်ရတဲ့ အနုပညာရှင်များကလည်း မြန်မာ တိုင်းရင်းသားတို့၏ရိုးရာ အနုသုခုမများကို ဖြန့်ဝေနိုင်လျက်ရှိပါတယ်။ မြန်မာ့ရိုးရာဇာတ်သဘင်နှင့် အဆို၊ အတီး၊ အကများ မတိမ်ကောမပပျောက်စေရန်အတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့များမှာရှိတဲ့ အမျိုးသားဇာတ်ရုံကြီးများတွင် ယဉ်ကျေးမှုဝန်ကြီးဌာနအစီအစဉ်ဖြင့် ဖျော်ဖြေတင်ဆက်မှုများလည်း ဆောက်ရွက်လျက်ရှိပါတယ်။ လူထုလူတန်းစား အဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးတို့ဖြင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ မကြာသေးမီကာလအတွင်း ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံတွင် တင်ဆက်ကပြခဲ့သော သဘင် ဦးသျှောင်ဂရိတ်ဦးဖိုးစိန်၏ နှစ် ၁၃၀ ပြည့်ပွဲတွင်လည်း ယဉ်ကျေးမှု ဝန်ကြီးဌာနမှ ရွှေတံဆိပ်ဆုရှင် ဝါရင့်အနုပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာနည်းပြများဖြင့် ပံ့ပိုးကူညီပြီး အောင်အောင်မြင်မြင် တင်ဆက်ကပြနိုင်ခဲ့ပါတယ်။ ထိုကဲ့သို့ ဖျော်ဖြေတင်ဆက်မှု အသီးသီးကိုလည်း ရုပ်သံမီဒီယာများမှလည်း အချိန်ပေးပြီး နိုင်ငံတဝန်းသို့ ကျယ်ပြန့်စွာ ထုတ်လွှင့်ပြသနိုင်ခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ပြန်ကြားရေးဝန်ကြီးဌာနအနေ ဖြင့်လည်း မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် ပူးပေါင်း၍ တိုင်းကျိုးပြည်ပြု တေးသီချင်း ရေးစပ် ပြိုင်ပွဲများ ကျင်းပပြီး ထိုက်တန်သော ချီးမြှင့်မှုများ ပြုလုပ်ခဲ့ပါတယ်။ ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ တေးသီချင်း အသစ်များလည်းပြုစုနိုင်ခဲ့ပါတယ်။ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့သော တေးသီချင်းအသစ်များ နှင့် အဆို၊ အက၊ အတီးဆိုင်ရာ မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးအစီအစဉ်များကိုလည်း စီစဉ်ထုတ်လွှင့်နိုင်ခဲ့ပါတယ်။ ရိုးရာမူမှန်များ မတိမ်ကော မပပျောက်စေရေးအတွက် မဟာဂီတ စာသားစိစစ်ရေးအဖွဲ့များကို ဝါရင့်ပညာရှင်ကြီးများဖြင့် ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါတယ်။ မြန်မာ နိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ပူးပေါင်း၍လည်း မြန်မာ့ရုပ်ရှင် လောကတိုးမြှင့်ရေး၊ ရုပ်ရှင်လောက

သားများအကျိုးရှိရေးကိစ္စရပ်များကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ယဉ်ကျေးမှုဝန်ကြီးဌာန အနေဖြင့် မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာကောင်းများကို ပြည်သူအများ ထိန်းသိမ်း လိုက်နာဆောင်ရွက်နိုင်စေရန်အတွက် စဉ်ဆက်မပြတ် နှိုးဆော်ဆောင်ရွက်လျက်ရှိရာ မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်နှင့်ပတ်သက်၍လည်း မြန်မာ့ယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများနှင့်အညီ နှစ်သစ် မဟာသင်္ကြန်ကို မင်္ဂလာရှိစွာ ပါဝင်ဆင်နွှဲကြပါရန် အသေးစိတ် တိုက်တွန်းနှိုးဆော်ချက်များကို သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားစသည့် မီဒီယာများမှတစ်ဆင့် နှစ်စဉ်ဖော်ပြထုတ်လွှင့် ဆောင်ရွက် လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ရာတွင် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တိုက်တွန်းနှိုးဆော်ရုံသာမက အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများ၊ တာဝန်ရှိသည့်ဌာနများ၊ လူထုလူတန်းစား အသင်းအဖွဲ့များ၊ မိဘဆရာသမားများစသဖြင့် ပြည်သူအားလုံးက ဘက်ပေါင်းစုံမှ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက် သွားလျှင် ပိုမိုထိရောက်အောင်မြင်မှာ ဖြစ်ပါတယ်ရှင်။ ယင်းကိစ္စသည် ဝန်ကြီးဌာနတစ်ခုအဖွဲ့တစ်ခု ဖြင့်သာ ဆောင်ရွက်၍မရဘဲ ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးအမြင်ဖြင့် ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်သွားရမယ့်ကိစ္စလည်းဖြစ်ပါတယ်ရှင်။ အလားတူပင် မြန်မာ့ရိုးရာ ထုံးတမ်းအစဉ် အလာ ဆင်ယင်ထုံးဖွဲ့မှုများနှင့် ပတ်သက်၍လည်း အမျိုးသားဇာတ်ရုံနှင့် အခြားနေရာများစွာတွင် ခေတ်အဆက်ဆက်မှ မြန်မာတို့၏ ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုများကို မကြာခဏ သရုပ်ပြပြီး စည်းရုံးတင်ဆက်လျက်ရှိပါတယ်ရှင်။ ထိုသို့ သရုပ်ပြတင်ဆက်မှုများအတွက်လည်း ယဉ်ကျေးမှု ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အပါအဝင် သက်ဆိုင်ရာ အဖွဲ့အစည်း များနှင့် စဉ်ဆက်မပြတ်ပူးပေါင်းပြီး ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် မြန်မာအမျိုးသမီး လေးများ မြန်မာမှုဓလေ့စရိုက်နှင့်အညီ ယဉ်ကျေးသိမ်မွေ့စေရေး၊ ဟိရီဩတ္တပ္ပတရားရှိစေရေး အတွက် စာတမ်းများပါဝင်ဖတ်ကြားခြင်း၊ ဟောပြောခြင်းများလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဆက်လက်၍လည်း မြန်မာ့ရိုးရာယဉ်ကျေးမှုကို လူငယ်များ ပိုမိုပြီးလေးစား မြတ်နိုးတန်ဖိုးထားလာ စေရန်၊ ပိုမို ယဉ်ကျေးသိမ်မွေ့လာစေရန် စိတ်ဝင်စားဖွယ်ကောင်းသော၊ ဆွဲဆောင်မှုရှိသော ဖျော်ဖြေတင်ဆက်မှုများ၊ ကဏ္ဍများ၊ ရိုက်ကူးတင်ဆက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမှာ ဖြစ်ပါ တယ်ရှင်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြသကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှုမြှင့်တင် ထိန်းသိမ်းစောင့်ရှောက်ရေး ကော်မရှင်တစ်ရပ် ဖွဲ့စည်း၍ အမျိုးသားယဉ်ကျေးမှု မြှင့်တင်ရေးစီမံချက်များ ချမှတ်ဆောင်ရွက်ပေးရန် အဆိုနှင့်

ပတ်သက်၍ ယခုအခါ သတင်းဆက်သွယ်မှု နည်းပညာများ တိုးတက်ဖွံ့ဖြိုးလာသည်နှင့်အညီ နိုင်ငံတကာယဉ်ကျေးမှုများ ပျံ့နှံ့ဝင်ရောက်မှုနှုန်း မြန်ဆန်လာသည့်အားလျော်စွာ အမျိုးသား ယဉ်ကျေးမှု မြှင့်တင်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် အတွက် ဖွဲ့စည်းထားရှိပြီးဖြစ်သည့် မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီတွင် လိုအပ်သည့် ပညာရှင်များ၊ ပုဂ္ဂိုလ်များ၊ ပါဝင်သင့်ပါဝင်ထိုက်သူများကို ထပ်မံထည့်သွင်းဖွဲ့စည်းခြင်း၊ ကော်မတီ၏ ရည်ရွယ်ချက်၊ လုပ်ပိုင်ခွင့်၊ လုပ်ငန်းတာဝန်များကို မူလသတ်မှတ်ချက်များအပြင် ထပ်မံဖြည့်စွက်ခြင်း များဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ရှင်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသည့် ကော်မရှင်တစ်ရပ်ဖွဲ့စည်းရန် မလိုအပ်တော့ပါသဖြင့် အဆိုအား ပြန်လည်ရုပ်သိမ်းပေးပါရန် ရှင်းလင်း တင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ရှိပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုရှင် ဒေါက်တာသန်းဝင်းရဲ့ သဘောထားပြောပါ။

**ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အဆိုနှင့်ပတ်သက်ပြီးတော့ ဆွေးနွေးပေးကြတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြန်လည်ပြီးတော့ ရှင်းလင်းဖြေကြားပေးတဲ့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ကို ကျေးဇူးဥပကာယတင်ရှိကြောင်း ဦးစွာအစီရင်ခံစာလိုပါတယ်။ ဆွေးနွေးပေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးရဲ့ဖြေရှင်းချက်ကို သိရှိ ပြီးတဲ့နောက်ပိုင်းမှာ ကျွန်တော့်အနေနဲ့ တင်ပြရလို့ရှိရင် ကျွန်တော်ရဲ့အဆိုလိုရင်းကတော့ သရုပ်ပျက် ယဉ်ကျေးမှုတွေ ထိုးဖောက်ဝင်ရောက်တာကို နိုင်ငံတော်အပိုင်းအနေနဲ့ တားဆီးမှုတွေ၊ နောက်ပြီးတော့ ထိန်းသိမ်းမှုတွေအားနည်းတယ်။ နောက်တစ်ချက်က တချို့နေရာမှာဆိုရင် တစ်နည်းတစ်လမ်းအားဖြင့် နိုင်ငံတော်အပိုင်းကနေပြီးတော့ အားပေးတဲ့အပြုအမူများတောင်မှ ပြုလုပ်ခဲ့တာကို တွေ့ရပါတယ်။ အဲဒီတော့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးတင်ပြတဲ့အထဲမှာ ဆောင်ရွက်နေတဲ့ကိစ္စတွေကို ကျွန်တော်တို့လည်းသိရှိပါတယ်။ တစ်နှစ်တစ်ကြိမ် ကျင်းပပြုလုပ်တဲ့ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲ ဆိုတာလည်း ၁၈ ကြိမ် ရှိပါပြီ။ ထိရောက်မှုကောင်းမွန်သော်လည်းပဲ ထိရောက်မှု၊ လုံလောက်မှု အားနည်းတာ အထင်အရှားဖြစ်ပါတယ်။ အဲဒီတော့ အခုလုပ်ဆောင်နေတဲ့ လုပ်ဆောင်ချက်များနဲ့တော့ ကျွန်တော်တို့ အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေးကို ဆောင်ရွက်ဖို့ဆိုတာ ထိရောက်ဖို့ လုံလောက်မှုအားနည်းတယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းရေးလုပ်တဲ့နေရာမှာ အမျိုးသားယဉ်ကျေးမှုကို

ထိန်းသိမ်းစောင့်ရှောက်တဲ့ ပုဂ္ဂိုလ်အပိုင်းတွေကို ကျွန်တော်တို့ နိုင်ငံတော်အပိုင်းက အားပေးချီးမြှင့် မြောက်စားမှုအားနည်းပါတယ်။ အဲဒါကြောင့် ဒါကို ပိုမိုပြီးတော့ အရှိန်အဟုန်မြှင့်ဆောင်ရွက်ဖို့ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ဖို့၊ ကော်မရှင်ဖွဲ့ဖို့ ကျွန်တော် အကြံပေးခြင်းဖြစ်ပါတယ်။ အခု ဒုတိယဝန်ကြီးပြောတဲ့အထဲမှာ နိုင်ငံတော်သမ္မတရုံးရဲ့ ညွှန်ကြားချက်အမှတ် (၃၀/၂၀၁၁) နဲ့ ဖွဲ့စည်း ထားတဲ့ကော်မတီကနေပြီးတော့ အရှိန်အဟုန်မြှင့်မယ်လို့တော့ သိရှိရပါတယ်။ ဒါနဲ့မလုံလောက်ဘဲနဲ့ အခုလွှတ်တော်မှာရှိတဲ့ ကော်မတီနဲ့လည်း မလုံလောက်ဘဲနဲ့ ကျွန်တော်တို့ ပညာရှင်များပါဝင်ပြီးတော့ အဖက်ဖက်က ကျယ်ပြန့်တဲ့ ကော်မရှင်တစ်ရပ်ဖွဲ့စည်းဖို့ ပိုမိုလိုအပ်ပါကြောင်း ကျွန်တော့်အနေနဲ့ တင်ပြအစီရင်ခံလိုပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုရှင် ဒေါက်တာသန်းဝင်းက ယဉ်ကျေးမှုဝန်ကြီးဌာနက ဆောင်ရွက်နေတဲ့ ကော်မတီဖွဲ့စည်းမှုဖြင့်တော့ မလုံလောက်ဘူး။ ဒါကြောင့် မို့လို့ ကော်မရှင်တစ်ရပ်ဖွဲ့စည်းဖို့ ဆောင်ရွက်ဖို့ဆိုတဲ့ အခြေအနေမျိုးဖြစ်ဖို့အတွက် ဆွေးနွေးတင်ပြ သွားပါတယ်။ ကော်မရှင်ရဲ့ ခြားနားချက်ကတော့ များပြားတာပဲရှိပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင် ဘက်ကလည်း ကော်မရှင်ဖွဲ့စည်းဖို့ တင်ပြတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနကလည်း ကော်မတီ ဖွဲ့စည်း ပြီးဖြစ်တယ်။ ဒီကော်မတီကို လိုအပ်ချက်များဖြည့်ဆည်းမယ်။ ပညာရှင်များ ဖြည့်ဆည်းဆောင်ရွက် မယ်။ ပြီးတဲ့အခါမှာ တိုးမြှင့်ပြီးတော့ ယဉ်ကျေးမှုထိန်းသိမ်းဆောင်ရွက်ဖို့လည်း ဆောင်ရွက်မယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ဝန်ကြီးဌာနရဲ့ တိုက်တွန်းညွှန်ကြားချက်တွင်သာမကနဲ့ သက်ဆိုင်ရာ မိဘပြည်သူများ ပါဝင်မှုဖြစ်မယ်ဆိုတဲ့သဘော ဒီလိုဆွေးနွေးကြတယ်လို့ ကျွန်တော်ဒီလိုပဲနားလည် ပါတယ်။ ဒါကြောင့်မို့လို့ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်းတင်သွင်းတဲ့ မြန်မာ့ ရိုးရာ ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေး ကော်မရှင်တစ်ရပ်ဖွဲ့စည်း၍ အမျိုးသားယဉ်ကျေးမှုမြှင့်တင် ရေးစီမံချက်ချက်ချဆောင်ရွက်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြု၊ မပြု ဆုံးဖြတ်နိုင်ရန် လွှတ်တော်ရဲ့ဆန္ဒရယူမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ စက်ခလုတ်အသုံးပြု ဆန္ဒမဲပေးတဲ့နည်းလမ်း အသုံးပြုသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ဆန္ဒမဲပေးရန် အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ ဆန္ဒမဲစာရင်း ကြေညာပါမယ်။ ထောက်ခံမဲ ၆၉ မဲ၊ ကန့်ကွက် ၂၈၁ မဲ၊ ကြားနေ ၃၁ မဲဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုကန့်ကွက်တဲ့ ကိုယ်စားလှယ် ဦးရေကများတဲ့အတွက် မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်းတင်သွင်းတဲ့ မြန်မာ့ ရိုးရာ ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးကော်မရှင်တစ်ရပ် ဖွဲ့စည်း၍ အမျိုးသားယဉ်ကျေးမှု မြှင့်တင် ရေးစီမံချက်ချဆောင်ရွက်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်က အတည်မပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်က ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေ (အက်ဥပဒေအမှတ် ၁၇/၅၀) ကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၄ နည်းဥပဒေခွဲ(က)အရ ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်က ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေ (အက်ဥပဒေအမှတ် ၁၇/၅၀) ကို ပြင်ဆင်သည့်ဥပဒေ ကြမ်းကို တင်သွင်းရန် ဖြစ်ပါတယ်။ တင်သွင်းရန် ဦးသိန်းညွန့်အား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေ (အက်ဥပဒေအမှတ် ၁၇/၅၀) မှာပါတဲ့ ပုဒ်မခွဲ(င)နှင့် ပုဒ်မ ၅ ပုဒ်မခွဲ(ည)တို့အား ပယ်ဖျက်ပေးရန် ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေ (အက်ဥပဒေအမှတ် ၁၇/၅၀) ကို ပြင်ဆင်သည့်ဥပဒေ ကြမ်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ လေးလေးစားစား တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်တင်တာက ပုဒ်မခွဲ (င)နှင့် ပုဒ်မ ၅ ပုဒ်မခွဲ(ည) မှန်ပါသလား။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ မှန်ပါတယ်ဥက္ကဋ္ဌကြီး။ နှစ်ခုတည်းပါပဲ။

## ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေ (အက်ဥပဒေအမှတ် ၁၇/၅၀) ကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးအပ်သူက ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၄ နည်းဥပဒေခွဲ(ခ)အရ ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေ (အက်ဥပဒေအမှတ် ၁၇/၅၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ခုနက တင်ပြတဲ့ အပိုဒ်ခွဲ(င)နှင့်(ည) ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသောင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များနှင့် လေ့လာသူများ ခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းကြပါစေလို့ ပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှု အက်ဥပဒေ (အက်ဥပဒေအမှတ် ၁၇/၅၀) ကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ၁၇-၇-၂၀၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ်တွင် လက်ခံဆွေးနွေးရန် အဆိုတစ်ရပ်တင်သွင်းခဲ့ပါတယ်။

၂။ ဦးသိန်းညွန့်၏ အဆိုအား ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပြီး ဆုံးဖြတ်ခဲ့သော ဥပဒေကြမ်းကို လေ့လာစိစစ်ရန်၊ ဆန်းစစ်ရန် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသို့ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၁ နည်းဥပဒေခွဲ(ခ) အရ လွှဲအပ်ခဲ့ပါသည်။

၃။ ပြည်သူ့လွှတ်တော်မှ နည်းဥပဒေများနှင့်အညီလွှဲအပ်သော ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှု အက်ဥပဒေ (အက်ဥပဒေအမှတ် ၁၇/၅၀) ကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့

လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၀-၇-၂၀၁၂ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ အဖွဲ့ဝင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါတယ်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ ယင်းဥပဒေကြမ်းအပေါ်တွင် ပြည်သူ့လွှတ်တော်က သတ်မှတ်ပြဋ္ဌာန်းတာဝန်ပေးအပ်ထားသည့် အချက် ၁၂ ချက်ကို အခြေခံ၍ စိစစ်ခဲ့ကြပါသည်။

၅။ ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေ (အက်ဥပဒေအမှတ် ၁၇/၅၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ လေ့လာစိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က နိုင်ငံသားများ၏ မူလအခွင့်အရေးများကို အခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဖော်ဆောင်ပေးနိုင်မည့် ဥပဒေကြမ်းများ တင်သွင်းခြင်းကို လမ်းညွှန်ခဲ့ပါသည်။ သို့ဖြစ်ရာ ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေ (အက်ဥပဒေအမှတ် ၁၇/၅၀)တွင် ပါဝင်သည့် ပုဒ်မ ၅ ပုဒ်မခွဲ(င) နှင့် ပုဒ်မ ၅ ပုဒ်မခွဲ(ည) တို့အား ပယ်ဖျက်ပေးရန်လိုအပ်ကြောင်း သယံဇာတနှင့်တာ... 

(ခ) ၎င်းအက်ဥပဒေမှ အရေးပေါ်အခြေအနေတွင် အရေးယူရန်နှင့် အရေးပေါ်ကိစ္စရပ်များကို ကာကွယ်ရန် ရည်ရွယ်ထားသော်လည်း ဒီမိုကရေစီနိုင်ငံတိုင်း၌ အစိုးရ၏ လုပ်ဆောင်ချက်များကို မှန်ကန်စွာတင်ပြခြင်းနှင့် အကျိုးပြုသောဝေဖန်ချက်များအတွက် ပုဒ်မ ၅ ပုဒ်မခွဲ(င)ကို လိုသလို ဖွင့်ဆိုပြီး အရေးယူနိုင်သောကြောင့် သတင်းစာဆရာနှင့် မီဒီယာလုပ်ငန်းများကို အစိုးရအဖွဲ့မှ တရားစွဲဆိုခွင့်မရှိစေရန်အတွက် ၎င်းပုဒ်မကို ရုပ်သိမ်းရန် ဦးသိန်းညွန့်မှ တင်ပြလာခြင်းဖြစ်ပါသည်။

(ဂ) ၎င်းဥပဒေပုဒ်မ ၅ တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေး၊ လုံခြုံရေး၊ အေးချမ်းသာယာရေး စသည်တို့ကို ဖောက်ဖျက်မှုများနှင့် ပြစ်ဒဏ်ဟု ပြဋ္ဌာန်းထားပြီး မည်သူမျှ မကျူးလွန်ရန်အချက် အပိုဒ် (က)မှ (ဍ)အထိ ပြဋ္ဌာန်းထားချက် ဖြစ်ပါသည်။ ဒီမိုကရေစီကို

လက်ခံကျင့်သုံးလျက်ရှိသော ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိတို့ နိုင်ငံ၏လုံခြုံရေးနှင့် အေးချမ်းသာယာရေး၊ ငြိမ်ဝပ်ပိပြားရေး၊ တည်ငြိမ်ရေးအတွက် အရှိန်အဟုန်ဖြင့် တိုးမြှင့် ဆောင်ရွက်လျက်ရှိနေကြသည်ကို သတိပြုဆင်ခြင်ရမည်ဖြစ်သည်ကိုလည်း တွေ့ရှိရပါ သည်။ နိုင်ငံတော် လုံခြုံရေး၊ ကာကွယ်ရေးအတွက် စစ်အသုံးစရိတ်များ၊ ကာကွယ်ရေး အသုံးစရိတ်များကို နိုင်ငံတကာတွင် နိုင်ငံတော်ဘတ်ဂျက်မှ နှစ်စဉ်တိုးမြှင့် သုံးစွဲလျက် ရှိနေကြရာ လိုအပ်ချက်များအရ ဆောင်ရွက်ကြကြောင်း သိရှိရပါသည်။

(ဃ) ဤပုဒ်မ ၅ ပုဒ်မခွဲ (င)တွင် မမှန်ဟု သိလျက်နှင့် သို့တည်းမဟုတ် မမှန်ဟု ယုံကြည် လောက်အောင် အကြောင်းရှိလျက်နှင့် မမှန်သတင်းလွှင့်ရန် ကြံရွယ်၍ တစ်ခုခုလုပ် လျှင် သို့တည်းမဟုတ် ယင်းသို့ဖြစ်စေရန် အကြောင်းရှိသော အမှုကိုပြုလျှင် ပြစ်ဒဏ် မြောက်ကြောင်း ပြဋ္ဌာန်းထားပါသည်။ ယင်းပုဒ်မ ၅ ပုဒ်မခွဲ (င)ကို ပယ်ဖျက်လိုက်ပါက မမှန်ဟုသိလျက်နှင့် သို့တည်းမဟုတ် မမှန်ဟုယုံကြည်လောက်အောင် အကြောင်း ရှိလျက်နှင့် မမှန်သတင်းလွှင့်ခြင်းကို ဥပဒေမှဥပက္ခာပြုရာ ရောက်သွားပါမယ်။ ဥပဒေ သည် အများပြည်သူကို ကာကွယ်ရန် ပြဋ္ဌာန်းရခြင်းဖြစ်ပြီး မမှန်သတင်းလွှင့်သူတို့ကို ကာကွယ်ရာရောက်နေမည်ကို သုံးသပ်ဆင်ခြင်ရမည်ဖြစ်ပါသည်။ ဤပုဒ်မ ၅ ပုဒ်မခွဲ (င)အရ မှန်သောစကား၊ မှန်သောအဖြစ်အပျက်ကို ပြောသူ၊ ပြုသူများကို ပြစ်ဒဏ် ချမှတ်အရေးယူရန် အကြောင်းမရှိသလို အခြေခံဥပဒေပုဒ်မ ၃၅၄ နှင့် ၃၆၆ တို့တွင် နိုင်ငံသားများ၏ အခွင့်အရေးကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိကြောင်း ပြဋ္ဌာန်း ထားပြီးဖြစ်ပါသည်။ အစိုးရ၏ လုပ်ဆောင်ချက်များကို မှန်ကန်စွာတင်ပြခြင်းနှင့် အကျိုး ပြုသောဝေဖန်ချက်များကြောင့် သတင်းစာဆရာနှင့် မီဒီယာလုပ်ငန်းများကို အစိုးရ အဖွဲ့မှ တရားစွဲဆိုခွင့် မရှိစေရေး ရည်ရွယ်ချက်နှင့် ဤဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(င)သည် သက်ဆိုင်မှုမရှိကြောင်း တွေ့ရှိရပါသည်။ သတင်းစာဆရာနှင့် မီဒီယာလုပ်ငန်းတို့ သည်လည်း နိုင်ငံသားများဖြစ်ကြ၍ ဥပဒေကို လိုက်နာရန် တာဝန်ရှိကြပါသည်။ မမှန် သတင်းလွှင့်ခြင်း၊ ပြုခြင်း၊ ဖော်ပြခြင်းများကို ပုဒ်မ ၅ ပုဒ်မခွဲ(င)က ရည်ညွှန်းကြောင်း သုံးသပ်တွေ့ရှိရပါသည်။

(င) ပုဒ်မ ၅ ပုဒ်မခွဲ(ည)တွင် ဖော်ပြထားသော ပြဋ္ဌာန်းချက်သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၅ ပြဋ္ဌာန်းချက်နှင့် ကွဲလွဲမှုမရှိသည့်အတွက်လည်းကောင်း၊ ပုဒ်မ ၅ ပုဒ်မခွဲ(ည) သည်

အများပြည်သူများကြားတွင် လွတ်လပ်စွာရေးသား ထုတ်ဖော်ပြောဆိုမှုများကို အလွယ်တကူအရေးယူနေသည့် ဥပဒေပြဋ္ဌာန်းချက် ဖြစ်နေသောကြောင့်လည်းကောင်း၊ ဒီမိုကရေစီဖော်ဆောင်မှုကာလတွင် ဆက်လက်ကျင့်သုံးရန် မသင့်လျော်တော့ပါကြောင်း ဦးသိန်းညွန့်မှ တင်ပြခဲ့ပါသည်။ ပုဒ်မ ၅ ပုဒ်မခွဲ(ည)တွင် ပြည်ထောင်စု၏လုံခြုံရေးကိုသော်လည်းကောင်း၊ ငြိမ်ဝပ်ပိပြားမှု ပြန်လည်ထူထောင်ရေးကိုသော်လည်းကောင်း၊ ထိခိုက်စေရန်အကြောင်းရှိသော နည်းလမ်းဖြင့် အများပြည်သူ၏ သို့တည်းမဟုတ် ပြည်သူတစ်စု၏ ကိုယ်ကျင့်တရားကိုဖြစ်စေ၊ အပြုအမူကိုဖြစ်စေ၊ ဖောက်လွဲဖောက်ပြန်ဖြစ်စေရန် ကြံရွယ်၍တစ်ခုခုလုပ်လျှင် သို့တည်းမဟုတ် ယင်းသို့ဖြစ်စေရန်အကြောင်းရှိသော အမှုကိုပြုလျှင် ပြစ်ဒဏ်ထိုက်ကြောင်း ပြဋ္ဌာန်းထားပါသည်။

၅၅။ ပုဒ်မ ၅ ပုဒ်မခွဲ(ည)သည်လည်း နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဦးသိန်းညွန့်၏ အကျိုးအကြောင်း ဖော်ပြချက်တွင် ပါဝင်သော အများပြည်သူများကြားတွင် လွတ်လပ်စွာရေးသား ထုတ်ဖော်ပြောဆိုမှုများကို အလွယ်တကူ အရေးယူနေသည့် ဥပဒေပြဋ္ဌာန်းချက်ဖြစ်နေကြောင်းဟု အကြောင်းပြခြင်းနှင့် သက်ဆိုင်ခြင်းမရှိသည်ကို တွေ့ရှိရပါသည်။

ယနေ့အချိန်အခါတွင် စတုတ္ထမဏ္ဍိုင်ဖြစ်သော သတင်းမီဒီယာများမှ ပုံနှိပ်ဖော်ပြခြင်းများကို အပတ်စဉ်ထုတ်ဂျာနယ်များတွင် တွေ့မြင်နေရပါသည်။ လက်ရှိတည်ဆဲဥပဒေများအရ ဥပဒေနှင့်ငြိစွန်းသော ကိစ္စရပ်များတွင်သာလျှင် တရားစွဲဆိုမှုများကို တွေ့ရှိရပါသည်။ ယင်းသို့ တရားစွဲဆိုရာတွင်လည်း လွတ်လပ်စွာတရားစီရင်ရေးနှင့် မူဘောင်များအတွင်းမှ အများပြည်သူတို့၏ ရှေ့မှောက်တွင် တရားစီရင်ခြင်းမျိုးဖြစ်ကြောင်းကိုလည်း စိစစ်တွေ့ရှိရပါသည်။

ဦးသိန်းညွန့်၏ အကျိုးအကြောင်းဖော်ပြချက်တွင်ပါရှိသော ဒီမိုကရေစီဖော်ဆောင်မှုကာလတွင် ဆက်လက်ကျင့်သုံးရန် မသင့်တော်ကြောင်း ဖော်ပြချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆ အခြေခံမူများ၏ ပုဒ်မခွဲ (ဃ)တွင် ဆန်းစစ်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး ပြဋ္ဌာန်းထားချက်နှင့် ချိန်ထိုးစဉ်းစားသုံးသပ်ခဲ့ကြပါသည်။ ယနေ့ကာလသည် ဒီမိုကရေစီဖော်ဆောင်မှုကာလ၊ ဒီမိုကရေစီ

အသွင်ကူးပြောင်းရေးကာလ ဖြစ်ပါသည်။ ဒီမိုကရေစီဆိုရာတွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဆောင်ရွက်မည်ဖြစ်ရာ ပုဒ်မ ၅ ပုဒ်မခွဲ (ည)တွင် ပြဋ္ဌာန်းထားချက်များသည် ဒီမိုကရေစီစနစ်ကို အထောက်အကူဖြစ်စေသည့် အများပြည်သူ၏ သို့မဟုတ် ပြည်သူတစ်စု၏ ကိုယ်ကျင့်တရားကိုဖြစ်စေ၊ အပြုအမူကို ဖြစ်စေ၊ ဖောက်လွဲဖောက်ပြန်ဖြစ်စေရန် ကြံရွယ်လုပ်ဆောင်သူအား အရေးယူရန် ပြဋ္ဌာန်းထားခြင်းဖြစ်သည်ကို လေ့လာစိစစ်တွေ့ရှိရပါသည်။

(စ) အထက်ဖော်ပြပါ လေ့လာတွေ့ရှိချက်များအရ ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေ (အက်ဥပဒေအမှတ် ၁၇/၅၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် ပါဝင်သည့် ပုဒ်မ ၅ ပုဒ်မခွဲ (င) နှင့် ပုဒ်မ ၅ ပုဒ်မခွဲ (ည)တို့အား ပယ်ဖျက်ရန်မသင့်ပါ။ ပယ်ဖျက်ခြင်းမပြုသည့်အတွက် ဥပဒေကြမ်းကို တင်သွင်းသည့် ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်၏ တင်ပြချက်တွင်ပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်း အပိုဒ် ၇ နှင့် အပိုဒ် ၁၉ တို့အရ သတင်းမီဒီယာသမားများနှင့် နိုင်ငံရေး လုပ်ဆောင်နေသော အင်အားစုများအတွက် အကာအကွယ်ရရှိရေးတို့ကိုလည်း သက်ဆိုင်၊ ထိခိုက်ခြင်း မရှိပါကြောင်း လေ့လာစိစစ်တွေ့ရှိရပါသည်။

၆။ သို့ဖြစ်ပါ၍ ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေ (အက်ဥပဒေအမှတ် ၁၇/၅၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုပြဋ္ဌာန်းရန် မသင့်ပါကြောင်း ဥပဒေကြမ်းကော်မတီ၏ စိစစ်တွေ့ရှိချက်ကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၄၅ အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ သုံးသပ်အစီရင်ခံစာ ဖတ်ကြားရှင်းလင်းတင်ပြပြီး ဖြစ်ပါတယ်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေ(အက်ဥပဒေအမှတ် ၁၇/၅၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းညွန့် တင်သွင်းတဲ့ ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေ (အက်ဥပဒေအမှတ် ၁၇/၅၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးမယ့်ရက်ကို ထပ်မံကြေညာပါမယ်။ ဒီလိုထပ်မံကြေညာမယ်ဆိုတာက အဆိုရှင်ဦးသိန်းညွန့် တင်သွင်းထားတဲ့အဆိုပေါ် ဥပဒေကြမ်းကော်မတီရဲ့ သုံးသပ်ချက်သာ ဖြစ်ပါတယ်။ သို့ရာတွင် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း ဒီတင်ပြချက်ကို ပါဝင်ဆွေးနွေးဖို့ အခွင့်အရေးရှိပါတယ်။ အခွင့်အရေးပေးပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၆၊ ၁၅၇ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျ ဖော်ပြ၍ ၉-၈-၂၀၁၂ ရက်နေ့ (ကြာသပတေးနေ့) နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ ရုပ်သိမ်းဖို့ အဆိုဖြစ်ပါတယ်။ ရုပ်သိမ်းဖို့ အပိုဒ် (င)နှင့် (ည) ပယ်ဖျက်ရန် သင့်၊ မသင့်ဆိုတဲ့ အပိုင်းနှင့်ပတ်သက်ပြီးတော့ အပိုဒ်ကလည်း တိုတိုလေးပါ။ ဒါကြောင့်မို့လို့ စိတ်ဝင်စားပြီးတော့ ဒီအပိုဒ်ကို ပြင်ဆင်မှုနှင့်ပတ်သက်ပြီးတော့ သက်ဆိုင်ရာစိတ်ဝင်စားသူများက ပြန်လည်ပြင်ဆင်နိုင်ကြောင်းလည်း ထပ်မံအသိပေးတင်ပြလိုပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၆၊ ၁၅၇ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ ဒီထဲမှာတော့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ ဖော်ပြထားပါတယ်။ အမှန်ကတော့ အပိုဒ်ခွဲ နှစ်ခုပဲ ရှိပါတယ်။ ဒါကို ၉-၈-၂၀၁၂ ရက်နေ့ (ကြာသပတေးနေ့) နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ထပ်လောင်းကြေညာအပ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၁) ရက်မြောက်နေ့ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၂၀) ရက်မြောက်နေ့ ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၇ ရက် (အင်္ဂါနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၆ း ၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ကို ၁၆း၀၀ နာရီတွင် ရပ်နားပါသည်။]